# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၄၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**

**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါ တော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

## မှုကြမ်း

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၅၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၂) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၁ ရက်၊

(၃) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၃ ရက်၊

(၄) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

**မူကြမ်း**

(၅) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ(ခ)ဦးပေါ်ကာ ခွင့် ၂ ရက်၊

(၆) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၃ ရက်၊

(၇) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၃ ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး ခွင့် ၁ ရက်၊

(၉) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်နှင့်

(၁၀) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အရွယ်မရောက်သေးသောကလေးသူငယ်များအား အဓမ္မစေခိုင်းမှုများ၊ စွန့်ပစ်ခံရမှုများ၊ ရောင်းစားမှုများ ပပျောက်စေရန်နှင့် တောရောမြို့ပါမွေးစာရင်းကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရန်၊ အသက်မပြည့်သည့်ကလေးများအား စစ်မှုထမ်းရန် တရားဝင်ငြင်းပယ်ခြင်း၊ တပ်သားစုဆောင်းရာတွင် အရွယ်မရောက်သေးသူနှင့် အုပ်ထိန်းသူမပါသောကလေးများအား ခွင့်မပြုခြင်းကို စည်းကမ်းသတ်မှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဝင်းမြင့်၊ လှိုင်မဲဆန္ဒနယ်ရဲ့မေးခွန်းကို ဆောင်ရွက်မှာမဟုတ်ဘဲနဲ့ ဆက်လက်ပြီးတော့ ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကိစ္စရပ်အား လွှတ်တော်သို့ တင်ပြမေးမြန်းလိုပါတယ်ခင်ဗျား။ အရွယ်မရောက်သေးသော ကလေးသူငယ်များ လုပ်ငန်းခွင်များတွင် တွေ့ရှိနေရခြင်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုစေလိုပါတယ်ခင်ဗျား။ အရွယ်မရောက်သေးသောကလေးသူငယ်များအား လုပ်ငန်းခွင်များတွင် တွေ့ရှိနေရခြင်း၊ အဓမ္မစေခိုင်းမှုများရှိနေခြင်း၊ စက်ရုံတချို့၏အန္တရာယ်ရှိသောလုပ်ငန်းများတွင် ကလေးသူငယ်များအား ခိုင်းစေထားခြင်း၊ စားသောက်ဆိုင်၊ အရက်ဆိုင်၊ ဘီယာဆိုင်များတွင် ကလေးသူငယ်များအား စေခိုင်းထားခြင်း၊ အလုပ်သမားအချင်းချင်း အနိုင်ကျင့်မှုများတွင် ကလေးသူငယ်များမှာ အနိုင်ကျင့်ခံနေရခြင်းများ တွေ့ရှိနေရပါတယ်။ ကလေးသူငယ်များကို မီးပွိုင့်များ၊ လမ်းဆုံလမ်းခွများ၊ ဈေးများ၊ ရပ်ကွက်များတွင် ဈေးရောင်းရင်းတောင်းရမ်းလုပ်ကိုင်ရန်ခိုင်းစေမှုများ၊ အုပ်စုဖွဲ့၍ ကလေးသူငယ်များကို အနိုင်ကျင့်စေခိုင်းမှုများကိုလည်း လူနေရပ်ကွက်များတွင် တွေ့ရှိနေရပါတယ်။ ကလေးသူငယ်များအား စွန့်ပစ်ခံရခြင်းများရှိနေပြီး ပိုမိုများပြားလာခြင်း၊ မွေးကင်းစကလေးသူငယ်များ စွန့်ပစ်

ခံရမှုကြောင့် အသက်ဆုံးရှုံးသွားရသည့်ကလေးများရှိနေခြင်း၊ ကလေးများကို လိမ်ညာခေါ်ဆောင်ခိုး ယူရောင်းစားခြင်း၊ မိမိသားသမီးအရင်းကိုပင် ရောင်းစားသည့်အခြေအနေများ ဖြစ်ပေါ်နေခြင်းတို့ကို တွေ့ရှိရပါတယ်။ ကလေးများမွေးဖွားလာမှုတွင် မိဘများ၏အသိဉာဏ်နည်းမှုကြောင့်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှု၊ ငွေကြေးချို့တဲ့မှုကြောင့်လည်းကောင်း၊ လွယ်ကူစွာလုပ်ဆောင်နိုင်မှုအခြေအနေနည်း ပါး၍သော်လည်းကောင်း ကျေးလက်ဒေသနှင့်တောနေလူတန်းစား သားသမီးငယ်ကလေးငယ်များမှာ မွေးစာရင်းပြည့်စုံမှုမရှိခြင်းများကို လေ့လာတွေ့ရှိရပါတယ်။ တပ်မတော်မှ တပ်သားစုဆောင်းရာတွင် အရွယ်မရောက်သေးသော၊ အသက်မပြည့်သေးသောကလေးသူငယ်များကို စစ်မှုထမ်းခိုင်းမှုများ ရှိနေ သဖြင့် ကန့်ကွက်တောင်းဆိုမှုများနှင့် ကလေးသူငယ်များကို မိဘများထံပြန်လည်အပ်နှံခြင်းများကို လည်းတွေ့ရှိရပါတယ်။ သို့ပါ၍ အောက်ပါမေးခွန်းအား လွှတ်တော်သို့မေးမြန်းလိုပါတယ်။

(က) အရွယ်မရောက်သေးသောကလေးသူငယ်များအား အဓမ္မစေခိုင်းမှုများ၊ အန္တရာယ်ရှိ လုပ်ငန်းခွင်မှကလေးလုပ်သားများ လုပ်ငန်းခွင်၌ အနိုင်ကျင့်ခံကလေးလုပ်သားများ၊ အကျင့်စာရိတ္တ ထိခိုက်စေမည့်ယစ်မျိုးဆိုင်များတွင် ခိုင်းစေခြင်းများ၊ လျော့နည်းပပျောက်စေရန် စီမံချက်ချဆောင် ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ (ခ) ကလေးသူငယ်စွန့်ပစ်ခံရမှုများ၊ ကလေးရောင်းစားမှုများ ပပျောက်စေရန် စီမံချက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ (ဂ) ကလေးတိုင်း မွေးစာရင်းပိုင်ဆိုင်ခွင့်ရှိစေရေးအတွက် မွေးဖွားပြီးစကလေးတိုင်း တောရောမြို့ပါ မွေးစာရင်းကို လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ၊ (ဃ) အသက်မပြည့်သေးသည့်ကလေးသူငယ်များအား တပ်မတော် တွင်စစ်မှုထမ်းရန် တရားဝင်ငြင်းပယ်ခြင်း၊ တပ်သားသစ်စုဆောင်းရာတွင် အရွယ်မရောက်သေးသူနှင့် အုပ်ထိန်းသူမပါသောကလေးသူငယ်များအား လက်ခံနေသည်ကို ခွင့်မပြုခြင်းကို စည်းကမ်းသတ်မှတ် ၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော်သို့မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။

**မူကြမ်း**

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်များ၏အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန်၊ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်၊ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ကလေးသူငယ်မှုခင်းများ သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သောကလေးသူငယ်များ၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန် စတဲ့ရည်ရွယ်ချက်များဖြင့် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဖော်ပြပါ ကလေးသူငယ်ဥပဒေပုဒ်မ ၄(က)အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကလေးသူငယ်များ၏အကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိတဲ့ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကလေးသူငယ်အရေးကို စိတ်ပါဝင်စားတဲ့ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်ပါဝင်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ယင်းကော်မတီရဲ့အောက်မှာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ကလေးသူငယ်ဥပဒေပုဒ်မ ၂ အရ အသက် ၁၆ နှစ်မပြည့်သေးသူများကို ကလေးသူငယ်အဖြစ်သတ်မှတ်ပြီး ယင်းဥပဒေအခန်း(၅) မှာ ကလေးသူငယ်များရဲ့ အသက်ရှင်သန်ရန်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့်ရရှိရန် အခွင့်အရေး၊ နိုင်ငံသားဖြစ်မှုဆိုင်ရာအခွင့်အရေးများအပြင် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှု၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ အမွေဆက်ခံပိုင်ခွင့်၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်များနှင့်ပတ်သက်ပြီးတော့ ဇာတိ၊ လိင်၊ လူမျိုး၊ အဆင့်အတန်းမခွဲခြားဘဲ ဥပဒေအရာတွင် ညီမျှသောအခွင့်အရေးများ ရရှိစေရမည်ဟုလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

အရွယ်မရောက်သေးသော ကလေးသူငယ်များကို လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေရခြင်း၊ အစမ္မခိုင်းစေခြင်း၊ အန္တရာယ်ရှိလုပ်ငန်းခွင်များတွင် ခိုင်းစေခြင်း၊ လုပ်ငန်းခွင်များ၌ အနိုင်ကျင့်ခြင်း၊ အကျင့်စာရိတ္တထိခိုက်စေမည့် ယစ်မျိုးဆိုင်များတွင် ခိုင်းစေခြင်းများ လျော့နည်းပပျောက်စေရန် အတွက် ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO, INGO များအပါအဝင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့်မို့ အလုပ်သမား၊ အလုပ် အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(ILO) တို့ပူးပေါင်းပြီး တော့ ၂၀၁၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်ကို ဆောင်ရွက် လျက်ရှိပါတယ်။ ယင်းအစီအစဉ်မှာ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့နှင့်အတူ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေ နီအသင်း NGO, INGO များနှင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါပူးပေါင်း အဖွဲ့အား ၃၁-၃-၂၀၁၅ ရက်နေ့အထိ အစည်းအဝေး ၁၄ ကြိမ် ပြုလုပ်ခဲ့ပြီး စက်မှုဇုန်များသို့ ကွင်းဆင်း၍ ကလေးသူငယ် အလုပ်သမားများဆိုင်ရာကိစ္စရပ်များအား စောင့်ကြည့်လေ့လာ ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းပြီးတော့ ကလေး သူငယ်အခွင့်အရေးဆိုင်ရာဥပဒေမူကြမ်းကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

အထက်ဖော်ပြပါ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေရေးဆွဲနေဆဲကာလဖြစ်သော လက်ရှိအခြေအနေမှာ ကလေးသူငယ်များကို အစမ္မအလုပ်ခိုင်းစေခြင်း၊ အန္တရာယ်ရှိလုပ်ငန်းခွင်များ တွင်ခိုင်းစေခြင်း၊ လုပ်ငန်းခွင်၌ အနိုင်ကျင့်ခြင်း၊ အကျင့်စာရိတ္တထိခိုက်စေမည့်ယစ်မျိုးဆိုင်များမှ ခိုင်းစေခြင်း၊ မီးပွိုင့်များလမ်းဆုံလမ်းခွများ၊ ဈေးများ၊ ရပ်ကွက်များမှာ တောင်းရမ်းလုပ်ကိုင်ရန် ခိုင်းစေခြင်း၊ ကလေးသူငယ်များစွန့်ပစ်ခြင်း၊ ရောင်းစားခြင်းနဲ့ပတ်သက်လို့ပြစ်မှုဆိုင်ရာဥပဒေ၊ ယစ်မျိုး

ဥပဒေ၊ အကဲဥပဒေ၊ ကလေးသူငယ်ဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်များ အနေနဲ့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ ကလေးသူငယ်များကို ယစ်မျိုးဆိုင်များတွင် ခိုင်းစေခြင်းမပြုရန် ယစ်မျိုးဥပဒေပုဒ်မ ၂၂(၁) နဲ့ ယစ်မျိုးနည်းဥပဒေ ၂၁(၅) တို့မှာ ပြဋ္ဌာန်းထားရှိပြီး ဖောက်ဖျက်ကျူးလွန်သူကို ယစ်မျိုးဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ(ခ)အရ အရေးယူအပြစ်ပေး နိုင်ပါတယ်။ ဒါ့အပြင် ကလေးသူငယ်များအား အသက်ဘေးအန္တရာယ်ဖြစ်စေနိုင်မည့်လုပ်ငန်း၊ ရောဂါ ဝေဒနာ စွဲကပ်စေနိုင်တဲ့လုပ်ငန်းနှင့် အကျင့်စာရိတ္တပျက်ပြားစေနိုင်တဲ့ လုပ်ငန်းများကို ခိုင်းစေခြင်း သို့မဟုတ် လုပ်ကိုင်ခွင့်ပြုခြင်း၊ အရက်ကိုသီးသန့်ရောင်းချသောနေရာများသို့ ခေါ်ဆောင်သွားခြင်း၊ ဝင် ရောက်ခွင့်ပြုခြင်း၊ အရက်ဝယ်ခိုင်းခြင်း၊ အရက်ရောင်းချခြင်း၊ အရက်သောက်ရန်ခွင့်ပြုခြင်း၊ အရက် ရောင်းဝယ်သည့်လုပ်ငန်းတွင် ခိုင်းစေခြင်း၊ လောင်းကစားရန်တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊ ကလေးသူငယ်ထံမှ ပစ္စည်းတစ်စုံတစ်ရာကို အပေါင်ခံခြင်းစသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကလေးသူငယ် ဥပဒေပုဒ်မ ၆၅ ဖြင့် အရေးယူနိုင်ပြီး ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ဒဏ်ငွေ ၁၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်ဖြစ်ပါတယ်။ အုပ်ထိန်းမှုအောက်မှာရှိတဲ့ အသက် ၁၆ နှစ်မပြည့် သေးသောမိန်းကလေးသည် အကျင့်စာရိတ္တဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည်ကို သိလျက်နဲ့ တမင်လျစ်လျူရှုထားခြင်း၊ အုပ်ထိန်းမှုအောက်မှာရှိတဲ့ ကလေးသူငယ်များအား ပြည့်တန်ဆာလုပ်ငန်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူနှင့်အတူ နေထိုင်နိုင်ရန် သို့မဟုတ် ပေါင်းသင်းသွားလာနိုင် စေရန်ခွင့်ပြုခြင်း၊ မိမိကိုယ်ကျိုးအတွက်ကို ကလေးသူငယ်များ တောင်းရမ်းခိုင်းခြင်း၊ တောင်းရမ်းစား သောက်နေသည်ကို တားမြစ်ရန်ပျက်ကွက်ခြင်း၊ မိမိကတောင်းရမ်းစားသောက်ရာတွင် ကလေးသူငယ် ကိုတစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ လိမ္မာစေရန် ဆုံးမခြင်းမှတစ်ပါး တမင်နှိပ်စက်ညှင်းပန်းခြင်း၊ ပြစ်မှုကျူးလွန်ခြင်း၊ စွပ်စွဲခံရသော သို့မဟုတ် မှုခင်းတစ်ရပ်ရပ်တွင် သက်သေအဖြစ်ပါဝင်သော ကလေးသူငယ်အချက်အလက်များကို သက်ဆိုင်ရာကလေးတရားရုံးက ခွင့်ပြုချက်မရရှိဘဲ ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းများတွင်ဖော်ပြခြင်း၊ ကလေးသူငယ်အား ညစ်ညမ်းသောရုပ်ရှင်၊ ဗွီဒီယို သို့မဟုတ် ဓာတ်ပုံရိုက်ခြင်းစသည်တို့ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ကလေးသူငယ်ဥပဒေပုဒ်မ ၆၆ ဖြင့် ထောင်ဒဏ်နှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ ထိဖြစ်စေ၊ ဒဏ်ငွေနှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ပါတယ်။

**မူကြမ်း**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အရွယ်မရောက်သေးသော ကလေးသူငယ်များအား အဓမ္မခိုင်းစေခြင်း၊ စွန့်ပစ်ခြင်း၊ ရောင်းစားခြင်းအပါအဝင် လူကုန်ကူးမှုများ အရေးယူဆောင်ရွက်နိုင်ရန်နဲ့ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ကို ၂၀၀၄ ခုနှစ်၊ ဇွန်လမှာစတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်၊ နိုင်ငံဖြတ် ကျော်မှုခင်းများ တိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း(UN Convention) ၏ နောက်ဆက်တွဲ စာချုပ်ဖြစ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးနောက်ဆက်တွဲစာချုပ်နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှစ၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၅(က)အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ကိုလည်း ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ ကွပ်ကဲမှုအောက်မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ကို အဆင့်ဆင့်တိုးချဲ့ဖွဲ့စည်းခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ၂၆ ဖွဲ့အထိ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ၎င်းအဖွဲ့များကို မြစ်ကြီးနား၊ ဗန်းမော်၊ လွယ်ဂျယ်၊ မူဆယ်၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြဝတီ၊ ထားဝယ်၊ မော်လမြိုင်၊ ကော့သောင်း၊ ရန်ကုန်၊ ပဲခူး၊ မိတ္ထီလာ၊ မကွေး၊ မန္တလေး၊ ကလေး၊ စစ်တွေ၊ မောင်တော၊ ပုသိမ်၊ လွိုင်ကော်၊ ဟားခါးနှင့် နေပြည်တော်တို့တွင်လည်း ဖြန့်ခွဲတာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၁၃-၂-၂၀၁၃ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကိုလည်း အသစ်တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းအပြင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၆၀/၂၀၁၄)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၂၆ ဦးပါဝင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုလည်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အသစ်တိုးချဲ့ဖွဲ့စည်းခဲ့တဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ကွပ်ကဲမှုအောက်မှာ တပ်ဖွဲ့ခွဲသုံးခု၊ တပ်ဖွဲ့စု ၁၈ စု၊ တပ်ဖွဲ့စိတ် ၁၁ စိတ်နဲ့ လူကုန်ကူးခံရသော ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု သုံးစုကိုဖွဲ့စည်းထားရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များမှာ ဖြန့်ခွဲ

ဆောင်ရွက်လျက်ရှိပါတယ်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ လူကုန်ကူးခံရတဲ့ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စုများဟာ လူကုန်ကူးမှုအပါအဝင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးမှုများကိုလည်း နေရာဒေသအလိုက် ကျောင်းသားကျောင်းသူများ၊ စက်ရုံအလုပ်ရုံများ၊ ပြည်သူလူထုများသို့ အသိပညာပေးဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရတဲ့ကလေး သူငယ်များကို တရားရုံးလုပ်ငန်းစဉ်များမှာ ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးခြင်း အဆင့်ဆင့်သော ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီများနဲ့လည်း ပူးပေါင်းပြီးတော့ အသိပညာပေးလုပ်ငန်းများအပါအဝင် ကလေးသူငယ်ဥပဒေပါအခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃ အရ လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြားသူတစ်ယောက်ယောက်ကို ထိုသူသဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုလုပ်ရန် လူများကိုသိမ်းသွင်းစည်းရုံးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်ဟု ပြဋ္ဌာန်းဖော်ပြထားတဲ့အတွက် ကလေးသူငယ်များကိုရောင်းချခြင်း၊ ဝယ်ယူခြင်း၊ အဓမ္မခိုင်းစေခြင်းများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့်အရေးယူ အပြစ်ပေးနိုင်ပြီး အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ ထောင်ဒဏ်တစ်သက်အထိ အမိန့်ချမှတ်နိုင်ပါတယ်။ ၎င်းအပြင် ကလေးသူငယ်များ စွန့်ပစ်မှု၊ ခိုးယူရောင်းချမှုများ ပပျောက်ရေးအတွက်ကိုလည်း အခြားတည်ဆဲဥပဒေများဖြင့် အရေးယူအပြစ်ပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မိဘကသော်လည်းကောင်း၊ ထိန်းသိမ်းသူကသော်လည်းကောင်း အသက် ၁၂ အောက်ကလေးသူငယ်ကို စွန့်ပစ်ခြင်းကိုကျူးလွန်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၁၇ အရ အရေးယူအပြစ်ပေးနိုင်ပြီး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်ပါတယ်။ ကလေးသူငယ်များအား လိမ်ညာခေါ်ဆောင်ရောင်းစားခြင်း၊ ခိုးယူရောင်းစားခြင်းနှင့် မိမိ၏သားသမီးအရင်းကို ရောင်းစားခြင်းနှင့်ပတ်သက်လို့ အရွယ်မရောက်သေးတဲ့မိန်းကလေးများအား ပြည့်တန်ဆာကိစ္စအလို့ငှာ ရောင်းချခဲ့ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၂ အရလည်းကောင်း၊ ထိုသို့ရောင်းချသည်ကို လက်ခံဝယ်ယူပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၃ အရလည်းကောင်း ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်ပါတယ်။

ကျေးလက်ဒေသနှင့်တောနေလူတန်းစားများ သားသမီးငယ်များအား မွေးစာရင်းလွယ်ကူစွာ၊ လျင်မြန်စွာထုတ်ပေးနိုင်ရေးအတွက်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ မြန်မာနိုင်ငံ ရဲ့ဖွား/သေမှတ်ပုံတင်ခြင်းစနစ်အား ပိုမိုအားကောင်းလာစေရန်နှင့် နိုင်ငံတကာအဆင့်အတန်းမီသော စနစ်ဖြစ်စေရန်ရည်ရွယ်ပြီးတော့ မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယား များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၁-၁-၂၀၁၄ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်(၄/၂၀၁၄)ဖြင့် ဗဟိုအဆင့်နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် နှင့် ခရိုင်/မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုအဆင့်မှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး အဖွဲ့ခေါင်းဆောင် အဖြစ်ဆောင်ရွက်ပြီး ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ်လည်း ကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်းဆောင်ရွက်ပြီးတော့ အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းအကြီးအကဲများက အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက် ပြီး ကျန်းမာရေးဦးစီးဌာနက ဦးစီးမှူးများက အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ပြီးတော့ အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ရပ်ကွက်/ကျေးရွာအဆင့်မှာတော့ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက အဖွဲ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး ကျန်းမာရေးဝန်ထမ်းများအား အဖွဲ့ဝင်အဖြစ်လည်းကောင်းဆောင်ရွက်ပြီး အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအဖွဲ့များမှ မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုများအား မကွေးတိုင်းဒေသကြီး၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်ရှိ မြို့နယ် ၄၄ မြို့နယ်မှာ ၂၀-၁၀-၂၀၁၄ ရက်နေ့မှ ၂၂-၁၀-၂၀၁၄ ရက်နေ့ အထိ ငါးနှစ်အောက်ကလေး ၁၂၃၆၃၆ ဦးကို UNICEF အကူအညီဖြင့် မွေးဖွားမှုမှတ်ပုံတင်ခြင်း လုပ်ငန်းများအား အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍လည်း ဧရာဝတီတိုင်း ဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့မှာ ၄-၅-၂၀၁၅ ရက်နေ့မှ ၈-၅-၂၀၁၅ ရက်နေ့အထိ ပြုလုပ်ဆောင်ရွက်သွားရန်လည်း စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။

**မူကြမ်း**

ကျန်းမာရေးဦးစီးဌာနအနေနဲ့ တောရောမြို့ပါ မွေးစာရင်းကိုလွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက်ကို မွေးဖွားသည့်ကလေးတိုင်းကို မှတ်ပုံတင်ပေးနိုင်ရန်နှင့် မွေးစာရင်းလက်မှတ်ရရှိစေရန် ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နဲ့မြို့နယ်ပြည်သူ့ဆေးရုံများမှာ မွေးဖွားသည့်ကလေးများအတွက် မွေးစာရင်းလက်မှတ်များကို ဆေးရုံဆင်းသည့်အချိန်တွင် ထုတ်ပေးရန် တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲရှိ သားဖွားခန်းများ၊ ရပ်ကွက်/ကျေးရွာနေအိမ်များတွင် မွေးဖွားသည့်ကလေးများအတွက် မွေးစာရင်းလက်မှတ်ကို တစ်လအတွင်းထုတ်ပေးရန်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လစဉ်ပေးပို့သည့် မွေးဖွားမှုမှတ်ပုံတင်သည့် ကလေးအရေအတွက်အတိုင်း မွေးဖွားသည့်လက်မှတ် ထုတ်ပေးနိုင်ရေးအတွက်ကို မြို့နယ်ကျန်းမာရေးဦးစီးမှူးများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ၎င်းအပြင် ကလေးတိုင်း မွေးစာရင်းရရှိရေးနှင့်စပ်လျဉ်း၍ မိဘများရဲ့အခန်းကဏ္ဍဟာလည်း အရေးကြီးတဲ့အတွက် မွေးစာရင်းလက်မှတ်ရဲ့အရေးပါပုံများအား ပြည်သူတို့နားလည်သဘောပေါက်စေရန် အသိပညာပေးအစီအစဉ်များကို UNICEF အဖွဲ့နဲ့ ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်လည်း စီစဉ်ထားရှိကြောင်းသိရှိရပါတယ်။ အရွယ်မရောက်သေးသော အသက် ၁၈ နှစ်မပြည့်သေးသူများကို တပ်မတော်သို့ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်နိုင်ရန်အတွက် ၁၉၇၄ ခုနှစ်၊ ဧပြီလ ၈ ရက် ရက်စွဲပါဖြင့် ထုတ်ပြန်တဲ့ တပ်မတော်စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်း၊ ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ်(၁၃/၇၃)တွင် တပ်မတော်သားတစ်ဦးအတွက်ကို လိုအပ်သောအရည်အချင်းများကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဒီအရည်အချင်းများကတော့ ပြည်ထောင်စုမြန်မာနိုင်ငံသား/နိုင်ငံသူဖြစ်ရမည်။ အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၅ နှစ်ထက်မကျော်လွန်စေရ။ စစ်မှုထမ်းများအတွက် သတ်မှတ်ထားသော ကျန်းမာရေးအဆင့်အတန်းရှိရမည်။ တပ်ဖွဲ့အလိုက်သတ်မှတ်ပြဋ္ဌာန်းထားသော ပညာအရည်အချင်းနှင့်ပြည့်စုံရမည် စသည်တို့ပါရှိပါတယ်။ အသက်မပြည့်သေးတဲ့ကလေးသူငယ်များကို စစ်မှုထမ်းရန် တရားဝင်ငြင်းပယ်ခြင်းနှင့်ပတ်သက်လို့ အသက် ၁၈ နှစ်မပြည့်ဘဲ မှားယွင်းစုဆောင်းခဲ့တဲ့စစ်သည် ၅၉၄ ဦးကို တပ်မတော်မှနုတ်ထွက်ခွင့်ပြုခဲ့ပြီး မိဘအုပ်ထိန်းသူများကို ပြန်လည်လွှဲပြောင်းပေးပြီးဖြစ်တဲ့အပြင် စုဆောင်းခဲ့တဲ့ အရာရှိ ၅၀ ဦး၊ အခြားအဆင့် ၂၇၇ ဦး စုစုပေါင်း ၃၂၇ တို့ကိုလည်း စစ်စည်းကမ်းအရအရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မိဘအုပ်ထိန်းသူမပါတဲ့ကလေးသူငယ်များ လက်ခံနေသည်ကို ခွင့်မပြုခြင်းနှင့်ပတ်သက်လို့ စုဆောင်းရရှိတဲ့တပ်သားသစ်များကို တပ်မတော်စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်း၊ ကာကွယ်ရေးဌာနကောင်စီ

**မူကြမ်း**

ညွှန်ကြားလွှာ အမှတ်(၁၃/၇၃)နှင့်အညီ ဆောင်ရွက်ရန်နှင့် ကိုယ်တိုင်ဆန္ဒပြုသူ၊ မိဘသဘောတူညီသူဖြစ်ရမည်ဟု အမိန့်နှင့်ညွှန်ကြားချက်များလည်း ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဒါ့အပြင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကျောင်းထောက်ခံချက်မူရင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာမြို့နယ်ရဲစခန်းရဲ့ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်၊ မိသားစုဝင်စာရင်းစတဲ့ စာရွက်စာတမ်းအစစ်များ ပြည့်စုံမှန်ကန်သူများကိုသာ စိစစ်လက်ခံရန်နှင့် လာရောက်အပ်နှံတဲ့တပ်သားသစ်များရဲ့ ဇာတိ၊ မြို့/ရွာနှင့်ထောက်ခံချက်၊ အထောက်အထားစာရွက်စာတမ်းများမှာ ပါရှိတဲ့မြို့/ရွာမတူပါက လက်ခံခြင်းမပြုရန်အသက် ၁၈ နှစ်ပြည့်ပြီး အနည်းဆုံးအခြေခံပညာမူလတန်းအောင်မြင်သူများကိုသာ တပ်သားသစ်အဖြစ်လက်ခံဆောင်ရွက်ရန် အမိန့်နဲ့ညွှန်ကြားလွှာများကိုလည်း ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။ သို့ဖြစ်ပါ၍ အရွယ်မရောက်သေးသောကလေးသူငယ်များ အတင်းအဓမ္မပြုခိုင်းစေခြင်း၊ အန္တရာယ်ရှိလုပ်ငန်းခွင်များနှင့် စားသောက်ဆိုင်၊ အရက်ဆိုင်၊ ဘီယာဆိုင်များတွင်ခိုင်းစေခြင်း၊ မီးပွိုင့်၊ လမ်းဆုံလမ်းခွ၊ ဈေးနှင့်ရပ်ကွက်များမှာ တောင်းရမ်းလုပ်ကိုင်ရန်ခိုင်းစေခြင်းများနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနဲ့ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့တို့ ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံကလေးအလုပ်သမားများ ပပျောက်ရေးအစီအစဉ်ကိုလည်း ဆောင်ရွက်လျက်ရှိတဲ့အပြင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေမူကြမ်းကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ကလေးသူငယ်စွန့်ပစ်ရောင်းစားမှုများ ပပျောက်စေရေးနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုဆိုင်ရာဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်များဖြင့် ထိန်းကျောင်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါတယ်။ မွေးဖွားပြီးစကလေးတိုင်း တောရောမြို့ပါမွေးစာရင်းရရှိရေးအတွက်ကို ကျန်းမာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီးတော့ သတ်မှတ်ရက်အတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက်ကိုလည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တပ်မတော်မှာစစ်မှုထမ်းရန် တပ်သားသစ်စုဆောင်းရာ၌ အသက်မပြည့်သေးသောကလေးသူငယ်များနှင့် မိဘအုပ်ထိန်းသူများရဲ့ သဘောတူညီချက်မပါသောကလေးသူငယ်များအား လက်ခံခြင်းမပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှလည်း အမိန့်နှင့်

ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်း မေးခွင့်ပြုစေလိုပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှ အခုလိုအသေးစိတ်ရှင်းပြသွားတဲ့အတွက် ကျေးဇူး တင်ပါတယ်ခင်ဗျား။ ကျွန်တော်အနေနဲ့ တည်ဆဲဥပဒေများနဲ့ အရေးယူတယ်ဆိုတဲ့အပိုင်းမှာ ဒီလို ဆောင်ရွက်နေတာကိုလည်း ကျေးဇူးတင်ပါတယ်။ သို့သော် ကျွန်တော်တို့က တည်ဆဲဥပဒေနဲ့ အရေးယူတဲ့အခါမှာ ဒီကလေးသူငယ်တွေမဆိုထားနဲ့ လူကြီးတွေတောင်မသိပါဘူး။ ကလေးတွေဟာ အရက်ဆိုင်တွေမှာ ဒီလိုမျိုး ခိုင်းစေရင်း၊ ပထမခိုင်းစေရင်း စောစောတုန်းက ယစ်မျိုးလိုင်စင်အက် ဥပဒေနဲ့ အရေးယူလို့ရတယ်။ ကလေးသူငယ်အက်ဥပဒေပုဒ်မ ၆၆ ဖြင့် တရားစွဲဆိုနိုင်တယ်။ ထောင်ဒဏ်တွေကျနိုင်တယ်ဆိုတဲ့ကိစ္စကို တချို့ဆိုင်ရှင်တွေလည်းမသိပါဘူး။ အဲဒီအတွက် ကျွန်တော် တို့က ပညာပေးအစီအစဉ်တွေကိုရုပ်သံကဖြစ်စေ၊ အသံလွှင့်ဌာနတွေကဖြစ်စေ အကြိမ်ကြိမ်ထုတ်လွှင့် ပေးဖို့ လိုအပ်မယ်လို့ယူဆပါတယ်။ အဲဒီအတွက် ပြည်ထဲရေးဝန်ကြီးဌာနက ဒီထက်ပိုပြီး ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ။ ဒီလိုမျိုး ပြည်သူတွေကိုပိုပြီးတော့မှ ဥပဒေတွေ၊ ပြစ်မှုပြစ်ဒဏ်တွေ၊ ထောင်ကျနိုင် တဲ့အထိရှိတယ်။ ဘယ်ကိစ္စတွေက ဘယ်လိုရှိတယ်ဆိုတာကို ကျယ်ကျယ်ဝန်းဝန်း ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ခုနက လူကုန်ကူးမှုဆိုင်ရာတားဆီးကာကွယ်ရေးကိစ္စ တွေ၊ နောက် ကလေးသူငယ်ကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ဒီ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေကတော့ ကလေးသူငယ်တွေရဲ့ ကလေးသူငယ်များအပေါ် ပြစ်မှုကျူးလွန်တဲ့ကိစ္စ များကို တားဆီးတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ နောက် အခု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနကနေ ဆောင်ရွက်နေတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်တာကတော့ ဒီဟာတွေကို သူတို့ရဲ့အခွင့်အရေးတွေ ဆုံးရှုံးဖို့အတွက်ကို သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) နဲ့ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံကလေး အလုပ်သမားများ ပပျောက်ရေးအစီအစဉ် ဆောင်ရွက်ပြီးတော့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေများကိုလည်း ကျွန်တော်တို့ မူကြမ်းရေးဆွဲဆောင်ရွက်တာဖြစ်ပါတယ်။

**မူကြမ်း**

ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ကတော့ ဒီလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်သလို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအတွက်ကိုလည်း ကျွန်တော်တင်ပြဆွေးနွေးတဲ့ အတိုင်းပဲ ယခင်တုန်းကတော့ ၂၀၀၄ ခုနှစ်မှာတော့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းပြီးတော့ဆောင်ရွက်ခဲ့ပေမယ့် တွင်တွင်ကျယ်ကျယ်အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် နောက်ပိုင်းမှာ အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်းမှာ ၂၀၁၃ မှာတော့ လူကုန်ကူးမှုတားဆီးနှိမ်းနင်းရေးရဲတပ်ဖွဲ့ကို သီးခြားဖွဲ့စည်းပြီးတော့ သက်ဆိုင်ရာတိုင်းဒေသ ကြီး/ပြည်နယ်အသီးသီးမှာ လူကုန်မှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့များကို တိုးချဲ့ဖွဲ့စည်းပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်သလို သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူကုန်မှုတားဆီးကာကွယ်ရေးကိစ္စတွေ၊ ကလေးသူငယ်များ အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက်ကို ဆောင်ရွက်တဲ့အခါမှာ ၂၀၁၁ ခုနှစ်အတွင်းမှာတော့ မြစ်ကြီးနားမှာ ၃၉ ကြိမ် အသိပညာပေးမှုလုပ်ငန်းများကို ဆောင်ရွက်ဖြစ်ပါ တယ်။ ဒါ့အပြင် ကျွန်တော်တို့ နံရံကပ်စာစောင်တွေ နောက်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အလိုက် အဖွဲ့အစည်းတွေကနေပြီးတော့ လက်ကမ်းစာစောင်တွေဖြန့်ဝေပြီးတော့ ဆောင်ရွက်တဲ့အခါ မှာ မြစ်ကြီးနားမှာ ၃၉ ကြိမ်ဖြစ်ပါတယ်။ ဗန်းမော်မှာ ၁၈ ကြိမ်နဲ့ သက်ဆိုင်ရာလွယ်ဂျယ်၊ မူဆယ် စသည်ဖြင့် ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ ဒီ ၂၀၁၁ ခုနှစ်အတွင်းမှာတော့ ၁၀၈၅ ကြိမ် ဆောင်ရွက်နိုင်ပြီးတော့ တက်ရောက်သူဦးရေကတော့ ၁၁၃၀၀၀ လောက်ရှိပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာနံရံကပ်စာစောင်တွေ၊ လက်ကမ်းစာစောင်တွေ၊ မြေစိုက်ပိုစတာတွေနဲ့ ကျွန်တော်တို့ အသိပညာပေးခြင်းအလုပ်များလုပ်သလို ရုံဖန်ရံခါ ကျွန်တော်တို့ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ စသည်ဖြင့် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ၇ ရက်နေ့မှာဆိုလည်း ကျွန်တော်တို့ ဒီသတင်းစာထဲမှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအတွက်ကို ကျွန်တော်တို့ ဆောင်ရွက်ချက်ဖြစ်တဲ့ လူကုန်ကူးခံရသူ ၈၃ ဦးကို ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကယ်တင်နိုင်တဲ့ အခြေအနေတွေ နောက် အဲဒီ ၈၃ ဦးကိုကျူးလွန်တဲ့ လူမှောင်ခို ၁၈ ဦးကိုလည်း ဖော်ထုတ်ဖမ်းဆီးပြီးတော့ ကျွန်တော်တို့ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မှုကို သတင်းစာတွေမှာလည်း ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ခုနကလွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသလိုပဲ ဒီထက်မက ဒါကျယ်ကျယ် ပြန့်ပြန့်နဲ့ ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားပါမယ်။ ခုနက သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက်လည်း လက်ကမ်းစာစောင်တွေဖြန့်ဝေသလို ပညာပေးလုပ်ငန်း

တွေကို ကျွန်တော်တို့ စာသင်ကျောင်းတွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ဆေးရုံတွေစသည်ဖြင့် လူစည်ကားတဲ့နေရာတွေမှာ ဆောင်ရွက်သလို အသိပညာပေး အသိပေးဆိုင်းဘုတ်တွေ ဒါတွေဖြန့်ဝေခြင်းနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပါမယ်။ ပြီးရင်သတင်း ထုတ်ပြန်တဲ့ဟာတွေကိုလည်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုဆွေးနွေးသလိုပဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဘားအံမြို့နယ်အတွင်း ရွေးချယ်တင်မြှောက်ရန် လိုအပ်နေသေးသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ခန့်အပ်ရန် လိုအပ်သော စာရေးဝန်ထမ်းများကို ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအမီ ဦးစားပေး ခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ဒသမအကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးပြီးမြောက်တဲ့အခါမှာ ဒီလွှတ်တော်ရပ်နားချိန် ဒီဇင်ဘာလ ၂၀၁၄ ခုနှစ်လောက်မှာ ကျွန်မက ဒီကျေးရွာတွေကို ရောက်ရှိတဲ့အခါမှာ ကျေးရွာတချို့တွေမှာ အုပ်ချုပ်ရေးမှူးအသစ်တွေ ယနေ့ထက်တိုင် ရွေးချယ်တင်မြှောက်ထားခြင်းမရှိသေးကြောင်း သိရှိရပါတယ်။ အလားတူ ကျေးရွာအလိုက် လိုအပ်နေတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ကူညီဖို့အတွက် ရယကစာရေးဝန်ထမ်းတွေကလည်းပဲ တချို့နေရာတွေမှာ လုံးဝမရှိသေးတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရော၊ စာရေးဝန်ထမ်းရော မရှိတဲ့ကျေးရွာတချို့တွေမှာလည်းပဲ ကျေးရွာမှာရှိတဲ့ ဘုန်းကြီးတွေကသာ ဦးဆောင်ပြီးတော့ စီမံဆောင်ရွက်တာတွေလည်းရှိပါတယ်။ ဒါကြောင့်မို့ ကျွန်မရဲ့ ဒေသခံပြည်သူတွေရဲ့ဆန္ဒအရ ဒီမေးခွန်းပေါက်ဖွားလာခြင်းဖြစ်ပါတယ်လို့ ပထမဦးစွာတင်ပြပါရစေရှင်။ ကျွန်မ မေးမြန်းလိုတဲ့မေးခွန်းကတော့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်း ကျေးရွာအုပ်ချုပ်ရေးမှူးခန့်အပ်ခြင်းမရှိသေးသော ကျေးရွာများတွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအမီ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ရွေးချယ်တင်မြှောက်နိုင်ရေး ဆောင်ရွက်ပေးရန်နှင့် အကယ်၍ လုံခြုံရေးအရ အဆင်မပြေပါက ဒေသခံများ ဆန္ဒမဲပေးလိုက မည်ကဲ့သို့စီမံဆောင်ရွက်ပေးရန်

အစီအစဉ်ရှိသည်ကို မေးမြန်းလိုခြင်းနှင့် အလားတူ ရပ်ကွက်/ကျေးရွာ စာရေးဝန်ထမ်းများ လိုအပ်နေသော ကျေးရွာများတွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအမီ ဒေသခံတိုင်းရင်းသားများမှ ဦးစားပေး ခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ မေးခွန်းအပေါ်မှာ ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်ကို ရပ်ကွက်ကိုးခုနှင့် ကျေးရွာအုပ်စု ၉၁ စုတို့ ဖွဲ့စည်းထားပြီးတော့ ရပ်ကွက်ကိုးခုနှင့် ကျေးရွာအုပ်စု ၈၃ စုမှာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကိုလည်း ခန့်အပ်ထားပြီးဖြစ်ပါတယ်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးခန့်အပ်ရန် ကျန်ရှိတဲ့ကျေးရွာအုပ်စု ရှစ်စုကတော့ ဟတ္တလိုက်၊ တဂေးလောင်း၊ ကျုံထော်၊ မဲသန၊ ကော်ဟဲ၊ ပျဉ်းမပင်ဆိပ်၊ ကော့ဝွန်းနှင့် ကျုံဖဲကျေးရွာအုပ်စုတို့ပဲ ဖြစ်ပါတယ်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး လစ်လပ်လျက်ရှိတဲ့ ကျေးရွာများ၌ ဟတ္တလိုက်၊ တဂေးလောင်း၊ ကျုံထော်၊ မဲသန၊ ကော်ဟဲ၊ ပျဉ်းမပင်ဆိပ်ကျေးရွာအုပ်စု စတဲ့ ကျေးရွာအုပ်စု ခြောက်အုပ်စုဟာ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ နယ်မြေအခြေအနေကန့်သတ်ချက်များကြောင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ခန့်အပ်နိုင်သေးခြင်းမရှိကြောင်း သိရှိရပါတယ်။ ယခုကာလမှာ နိုင်ငံတော်အစိုးရမှ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် ဒေသဖွံ့ဖြိုးရေးတိုးတက်စေရန်အတွက်ကို စိတ်ရင်းစေတနာအမှန်နဲ့ အရှိန်အဟုန်မြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိတဲ့အတွက် နယ်မြေလုံခြုံရေးနှင့် လုံခြုံမှုတိုးတက်ကောင်းမွန်လာတဲ့အတွက်ကို လမ်းပန်းဆက်သွယ်ရေးများလည်း ပိုမိုကောင်းမွန်လာတဲ့အတွက် ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဟတ္တလိုက်၊ တဂေးလောင်း၊ ကျုံထော်ကျေးရွာအုပ်စုများမှာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရွေးချယ်ရာမှာ ကြီးကြပ်နိုင်ရန်အတွက် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့ကိုလည်း ၃-၂-၂၀၁၅ ရက်နေ့မှာလည်းကောင်း၊ မဲသနကျေးရွာအုပ်စုမှာ ၂၇-၂-၂၀၁၅ ရက်နေ့မှာ လည်းကောင်း အသီးသီးဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

အဆိုပါကြီးကြပ်ရေးအဖွဲ့များဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၇ အရ ဆယ်အိမ်စု အစုအဖွဲ့များဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် သတ်မှတ်ထားသော အရည်အချင်းများကို ရှင်းလင်းပြောကြားခြင်း၊ ဆယ်အိမ်စုကိုယ်စားလှယ်များကို သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ/မရှိ စိစစ်ခြင်းနှင့် အမည်များပြုစုခြင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြင့် အပ်ခန့်တာဝန်ပေးအပ်ရန် အဆိုပြုလိုသောသူအမည်စာရင်းများပြုစုခြင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရန် အဆိုပြုလိုသောသူများအမည်စာရင်းမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဆယ်အိမ်စုကိုယ်စားလှယ်များအားလုံးမှ လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေခြင်းနှင့် ရရှိသောမဲစာရင်းများ ကြေညာခြင်း၊ လျှို့ဝှက်ဆန္ဒမဲအများဆုံးရသူ၏ အမည်နှင့် ကိုယ်ရေးအချက်အလက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးသို့ တင်ပြခြင်းတို့ကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၈ အရ ကြီးကြပ်ရေးအဖွဲ့မှ တင်ပြလာတဲ့အမည်စာရင်းကို ပုဂ္ဂိုလ်များအား စိစစ်ပြီးတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ခန့်အပ်သွားမည်ဖြစ်ပါတယ်။

ကော့ဂွန်းကျေးရွာအုပ်စုမှာတော့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရန်အတွက် ကြီးကြပ်ရေးမှူး ငါးဦးအား ၂-၁၁-၂၀၁၄ ရက်နေ့မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ အဆိုပါကြီးကြပ်ရေးအဖွဲ့မှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်ခဲ့တဲ့ လျှို့ဝှက်ဆန္ဒမဲအများဆုံးရရှိသော ဦးထွေးအောင်အား ဦးကြင်ဦးပါ ငါးဦးမှ ၁၂-၁၂-၂၀၁၄ ရက်နေ့မှာ တိုင်ကြားတဲ့အတွက် အုပ်ချုပ်ရေးမှူးများကို ပြန်လည်ရွေးချယ်ရန် ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရှိရပါတယ်။ အလားတူ ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ကြီးကြပ်ရေးအဖွဲ့များဖြင့် ရွေးချယ်၍ ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၈ အရ အတည်ပြုခန့်ထားတဲ့ ကျုံဖဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်အား ဦးဝင်းသောင်းပါ ခုနစ်ဦးမှ ၂၈-၅-၂၀၁၄ ရက်ရက်စွဲပါ စာအမှတ်ဖြင့် တိုင်ကြားလာတဲ့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်ဥပဒေအရာရှိ အဖွဲ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်သော စိစစ်ရေးအဖွဲ့အားဖွဲ့စည်းပြီးတော့ စိစစ်

ဆောင်ရွက်ခဲ့ပါတယ်။ စိစစ်ချက်အရ ကျေးရွာအုပ်ချုပ်ရေးမှူးဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)နှင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ အတည်ပြုချက်နဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၃၁-၇-၂၀၁၄ ရက် ရက်စွဲပါ အမှတ်၊ ၅/၄၃-၁/ဦး ၆/၁၄၂၀ ဖြင့် တာဝန်မှ ရပ်စဲခဲ့ပါတယ်။ ထို့နောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်အား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြန်လည်ရွေးချယ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပရာမှာ နယ်မြေလုံခြုံရေးအား ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ပြည်နယ်/ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့များဟာ သတ်မှတ်နယ်မြေအလိုက် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ကို လုံခြုံရေးစီမံချက်များနှင့်အညီ ဆောင်ရွက်ရမယ့်အပြင် လုံခြုံရေးနယ်မြေကန့်သတ်ချက်ရှိသော ဒေသများကို သီးခြားလုံခြုံရေးအစီအမံများဖြင့် ဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၁ နှင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၁ မှာ ရွေးကောက်ပွဲများရွှေ့ဆိုင်းခြင်း၊ မဲရုံများကို လုံခြုံမှုရှိသောနေရာသို့ ပြောင်းရွှေ့ကျင်းပခြင်းနှင့်စပ်လျဉ်းတဲ့ လုပ်ပိုင်ခွင့်ကို ကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ သင့်လျော်သလို လွှဲအပ်နိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ သို့ဖြစ်ပါ၍ လုံခြုံရေးအခြေအနေအရ မဲရုံများ ဖွင့်လှစ်နိုင်ခြင်းမရှိတဲ့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ဆန္ဒမဲပေးလိုသူများအတွက်ကို မဲရုံဖွင့်လှစ်နိုင်တဲ့ အနီးဆုံးနေရာမှာ ဆန္ဒမဲပေးနိုင်ရန် အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ အငယ်တန်းစာရေး(ရပ်/ကျေး) ဖွဲ့စည်းပုံခွင့်ပြုအင်အား ၁၀၀ အနက် ၇၂ နေရာအား ခန့်အပ်ထားပြီးဖြစ်ပါတယ်။ အဆိုပါလစ်လပ်တဲ့နေရာများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၁၄-၁-၂၀၁၅ ရက်စွဲပါ ရုံးတွင်းအမိန့်အမှတ်(၁/၂၀၁၅) ဖြင့် အငယ်တန်းစာရေး(ရပ်/ကျေး)ရာထူး ၂၅ နေရာ၊ ၆-၂-၂၀၁၅ ရက် ရက်စွဲပါ ရုံးတွင်းအမိန့်အမှတ်(၃/၂၀၁၅)ဖြင့် နှစ်နေရာ စုစုပေါင်းရာထူး ၂၇ နေရာတွင် ခန့်အပ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ခန့်အပ်ထားပြီးသော အငယ်တန်းစာရေး(ရပ်/ကျေး)ဝန်ထမ်း ၉၉ ဦးသည် ဒေသခံတိုင်းရင်းသားများပဲ ဖြစ်ကြပါတယ်။ ခန့်အပ်ရန်ကျန်ရှိတဲ့ ကျုံထော်ကျေးရွာအုပ်စု အငယ်တန်းစာရေး (ရပ်/ကျေး) တစ်နေရာအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခန့်ထားနိုင်ရေးအတွက်ကို ကရင်

ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေလစာနှင့်စရိတ်လုံလောက်မှုရှိကြောင်း ကရင်ပြည်နယ် ရသုံးမှန်းခြေစာရင်းဦးစီးဌာနမှ ၃၁-၁-၂၀၁၅ ရက် ရက်စွဲပါစာအမှတ်၊ ရသ(၃)ဘ-၁(၁)/ဘတ်ဂျက်(၅၃)/၂၀၁၄-၁၅ ဖြင့် အမှုထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက်ကို ထောက်ခံချက်အား ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀-၃-၂၀၁၅ ရက်စွဲပါစာအမှတ်ဖြင့် အမှုထမ်းသစ်ခန့်အပ်မှုနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ထောက်ခံချက်ပေးပို့ရန် ညှိနှိုင်းဆောင်ရွက်ထား ပြီးဖြစ်ပါတယ်။ ဒီနောက် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ရဲ့ ထောက်ခံချက်ရရှိမယ်ဆိုရင် ကရင်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ ထောက်ခံချက်နှင့်အတူ ပူးတွဲ၍ အမှုထမ်းသစ်များ ခန့်အပ်နိုင်ရေးအတွက်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းသစ်များခန့်အပ်ထားရန် ခွင့်ပြုချက်ရရှိချိန်တွင် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ခန့်အပ်နိုင်ရေးကို ဒေသခံများမှ သတ်မှတ်အရည်အချင်းကိုက်ညီသူများကို အရည်အချင်းစစ်ဆေး၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၂) ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်-၅/၉၃)ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်-၅/၉၃) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုပြီးနောက် ၆-၄-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ

ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ်-၅/၉၃) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (ဂ)နှင့် (ဃ) တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဦးသိန်းညွှန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းမှ ကာကွယ်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွှန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခုပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာစော်ကား ညှဉ်းပန်းခြင်းမှ ကာကွယ်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးသိန်းညွှန့်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွှန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် အခု တင်သွင်းမယ့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ဦးဆုံး ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို ကျွန်တော် ရှင်းလင်းတင်ပြချင်တဲ့ အချက်တစ်ချက်ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော် ဒီလွှတ်တော်မှာပဲ ၂၀၁၃ ခုနှစ်က ၁၈၆၁ ခုနှစ်၊ ရာဇသတ်ကြီးကို ပြင်ဆင်တဲ့ ဥပဒေကြမ်း တင်သွင်းရင်းနဲ့ မုဒိမ်းမှုနှင့်သတ်မှတ်ထားတဲ့ ပုဒ်မ ၃၇၆ ကို ကလေးသူငယ်အပေါ်ကျူးလွန်ရင် သေဒဏ်ပေးဖို့ ကျွန်တော် ပြင်ဆင်ချက်တင်ခဲ့ပါတယ်။ သို့သော် ရှေ့ဆက်တိုးလို့မရတဲ့အခါမှာ ကျွန်တော် ယာယီရုပ်သိမ်းခဲ့ပါတယ်။ အဲဒီလိုပဲ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှာ ဒီကလေးသူငယ်ဥပဒေ န၀တဥပဒေမှ (၉/၁၉၉၃)ကို ပြင်ဆင်တဲ့ဥပဒေတင်ပြီးတော့ ကလေးသူငယ်ဥပဒေပုဒ်မ ၆၅ မှာ (က)အဖြစ်နောက်ထပ်ထည့်ပြီးတော့ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်ပေးနိုင်ဖို့ ကျွန်တော် ကလေးသူငယ်ဥပဒေကို ပြင်ဆင်ချက်တင်ခဲ့ပါတယ်။ သို့သော် ၁၉ မဲ ပဲရတဲ့အတွက် ကျွန်တော့်ဥပဒေကြမ်းဟာ သန္ဓေမတည်ခင်မှာပဲပျက်ခဲ့ရပါတယ်။ အဲဒါကြောင့် အခုအချိန်မှာ ဘာဖြစ်လို့ ဆက်တင်ရသလဲဆိုရင် အဲဒီဆွေးနွေးပြီးတဲ့နောက်ပိုင်းမှာကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အင်မတန်မှ ထိတ်လန့်တုန်လှုပ်စရာ ကျွန်တော်တို့ ဗုဒ္ဓဘာသာနိုင်ငံမှာ

ဗုဒ္ဓဘာသာအများစုရှိတဲ့နိုင်ငံမှာ အင်မတန်မှ လက်မခံနိုင်တဲ့ သတင်းမျိုးကို ကျွန်တော်တို့ ကြားနေ၊ ဖတ်နေရပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထောက်အထားအဖြစ် ကျွန်တော်တင်ပြပါရစေ။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလထုတ် ၁၈ ရက် ၂၀ ရက် ရန်ကုန်တိုင်းဂျာနယ်မှာ မျက်နှာဖုံးကနေဖော်ပြထားတဲ့ သတင်းပါ။ အဲဒါက ဘာလဲဆိုရင် သမီးအရင်းကို မုဒိမ်းကျင့်ပြီးတော့ မွေးဖွားလာတဲ့ကလေးကို ဖျောက်ဖျက်တဲ့တရားခံအား ပြစ်ဒဏ်ချမှတ်တဲ့သတင်း ကျူးလွန်တဲ့ဒေသ၊ ဖြစ်တဲ့နေရာကတော့ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ လက်ပံတန်းအုပ်စု၊ ထန်းတောကျေးရွာတွင် နေထိုင်သူ ဦးမောင်မိုး (၄၂ နှစ်)က သမီးအရင်း (၁၇ နှစ်) အရွယ်ကို အကြိမ်ကြိမ် သားမယားအဖြစ်ပြုကျင့်ခဲ့တဲ့အတွက် ကလေးမွေးလာတဲ့အခါမှာ မွေးလာတဲ့ကလေးကိုလည်း သတ်ဖြတ်ပြီးတော့ ဖျောက်ဖျက်ပစ်တဲ့သတင်း။ ဒါကသတင်း။ အခု နောက်ဆုံး မှုခင်းသတင်းဂျာနယ်ကိုယူပါတယ်။ ဘာကြောင့်လဲဆိုတော့ ရဲအရာရှိ ဟောင်းကြီးတွေကိုယ်တိုင် ကြီးမှူးပြီးတော့ ထုတ်တဲ့ဂျာနယ်ဖြစ်တဲ့အတွက် ရှေ့နေတစ်ယောက်အနေ နဲ့လည်း ကျွန်တော် ဒီသတင်းကို အပတ်တိုင်း အလေးထားဖတ်ပါတယ်။ အခု ဒီလွှတ်တော်မှာ တင်ပြ မယ့်သတင်းကတော့ ဧပြီလ ၈ ရက် နေ့သတင်း ဒါနောက်ဆုံးထုတ်တဲ့ မှုခင်းသတင်း အဲဒီမှာကို ကလေးသူငယ်နဲ့ပတ်သက်ပြီးတော့ ပါလာတဲ့သတင်းကတော့ အရင်ဆုံးစာမျက်နှာ ၇ မှာ အရွယ် မရောက်သေးတဲ့သူကို ဦးလေးတော်စပ်သူက အဓမ္မပြုကျင့်တဲ့သတင်း။ အသက် ၁၃ နှစ်အရွယ်။ မှုခင်းကျူးလွန်ရာဒေသက ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ တောတွင်းဝါးခုတ်စခန်း ဒါက သတင်း တစ်ပုဒ်ပါ။ အဲဒီလိုပဲ မိခင်အလုပ်သွားတဲ့အချိန်မှာ အရွယ်မရောက်သေးတဲ့မိန်းကလေးကို ခေါ်သွားပြီး တော့ စော်ကားလို့ မိခင်က ရဲကိုတိုင်ရတဲ့နေရာ အဲဒါက ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် ဒါက တစ်ပတ်အတွင်း သတင်းထဲမှာ သတင်းနှစ်ပုဒ် နောက်တစ်ခါ စာမျက်နှာ ၂၀ မှာ မိခင်မရှိလို့ အရွယ်မရောက်မိန်းကလေးအား အနိုင်အထက်ပြု ကာမရယူရန် ကြိုးစား၊ ၁၃ နှစ် ၄ လအရွယ်ကို မြို့နယ်ကတော့ ရန်ကုန်တိုင်းဒေသကြီးပါပဲ။ ဒလမြို့နယ်။ နောက်တစ်ပုဒ်ကတော့ စာမျက်နှာ ၂၁ မှာ ကလေးငယ်နှစ်ဦးအား အဓမ္မပြုကျင့်ရန် ကြံစည်သူကို ဖမ်းမိ။ အဲဒါကတော့ ကသာခရိုင်၊ အင်းတော် မြို့နယ်မှာ မိန်းကလေးကတော့ အရွယ်မရောက်သေးတဲ့ သမီးနှစ်ဦးစလုံးနဲ့ပတ်သက်ပြီးတော့ ကြံစည် သူကို အရေးယူပေးဖို့ တိုင်ကြားတဲ့သတင်း။ အဲဒီတော့ မြန်မာနိုင်ငံရဲ့ ကလေးသူငယ်အပေါ် မုဒိမ်းမှု ကျူးလွန်မှုတွေဟာ အင်မတန်မှ အရေအတွက်အရကော၊ ယဉ်ကျေးမှုအရကော လူအဖွဲ့အစည်းတစ်ခု လုံး ကျွန်တော်တို့ နိုင်ငံတစ်ခုလုံးကို ခြိမ်းခြောက်လာတဲ့ အခြေအနေတွေဖြစ်လာပါတယ်။

**မူကြမ်း**

အဲဒီတော့ လေးအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ဥပဒေဟာ သေဒဏ်ကိုပယ်ဖျက်ထားတဲ့ သို့မဟုတ် ယာယီရုပ်သိမ်းထားတဲ့ နိုင်ငံမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ တည်ဆဲဥပဒေမှာကိုက ရာဇသတ်ကြီးပုဒ်မ ၃၀၂ ပုဒ်မခွဲငယ်(၁)မှာဆိုရင် ဒီပုဒ်မကိုကျူးလွန်ရင် သေဒဏ်ချမှတ်ခံရတယ်၊ ပေးနိုင်တယ်ဆိုတာသတ်မှတ်ထားပါတယ်။ ဒီလိုပါပဲ ပုဒ်မ ၁၂၂ နိုင်ငံတော် သစ္စာဖောက်တဲ့ ပုန်ကန်မှု၊ တစ်ခါအားပေးကူညီခြင်းကြောင့် ကျူးလွန်တဲ့ စစ်ပုန်ကန်မှု၊ ကလေးကို ဖြစ်ဖြစ်၊ ရူးသွပ်သူကိုဖြစ်ဖြစ် မိမိကိုယ်ကိုသတ်သေတဲ့ အားပေးကူညီတဲ့ပုဒ်မ ၃၀၅ လူသတ်မှုပါတဲ့ ဓားပြမှုကျူးလွန်တဲ့ ပုဒ်မ ၃၀၉။

**ဥက္ကဋ္ဌ**။ ။ အဆိုတင်ပါ။ အဆိုတင်ပါ။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ အဲဒီလို အမှုတွေကို သေဒဏ်အဖြစ် သတ်မှတ်ထားပါတယ်။ မူယစ်ဆေးဝါးဥပဒေမှာလည်း ပါပါတယ်။ အဲဒါကြောင့် ကျွန်တော် ဒီသေဒဏ်နဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း ဒီနေ့ ကျွန်တော့်ဥပဒေကြမ်းကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေမှာ ဥပဒေရည်ရွယ်ချက်ကတော့ ကျွန်တော်အားကိုးအားထားပြုတဲ့အချက်ကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ အရ ကလေးသူငယ်တွေကို စောင့်ရှောက်ဖို့ ကျွန်တော်တို့ အခြေခံဥပဒေရဲ့ပြဋ္ဌာန်းချက်၊ ၁၉၉၁ ခုနှစ် မြန်မာနိုင်ငံအစိုးရလက်မှတ်ရေးထိုးခဲ့တဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်စာချုပ်မှာပါတဲ့ ကလေးသူငယ်အားလုံးဟာ လိင်မှုကိစ္စဆိုင်ရာ ညှင်းပမ်းစော်ကားခြင်းမှ ကာကွယ်ခွင့်ရှိတယ်ဆိုတဲ့ အပိုဒ် ၃၄ ဒီနှစ်ချက်ကို အခြေခံပြီးတော့ ကျွန်တော် ဒီဥပဒေကြမ်းကို အထူးဥပဒေတစ်ရပ်အဖြစ် တင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ အဲဒီဥပဒေမှာ နိဒါန်း အခန်း(၁)မှာ အမည်နှင့် သက်ဆိုင်ခြင်း အဓိပ္ပာယ် ဖော်ပြချက်၊ အခန်း(၂)မှာ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခန်း(၃)မှာ အထွေထွေဆိုပြီးတော့ ဥပဒေကြမ်းမှာ ကျွန်တော် ရေးသားပြီး တင်ပြခဲ့ပါတယ်။ ဒါကြောင့် ဒီဥပဒေနှင့်ပတ်သက်ပြီးရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးက ဆက်လက်ဆွေးနွေးနိုင်ဖို့ စဉ်းစားဆုံးဖြတ်ပေးစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခုနက ကျွန်တော် အထက်ကတင်ပြတဲ့ လူ့အဖွဲ့အစည်းကို အန္တရာယ်ပြုနေတဲ့ ခြိမ်းခြောက်နေတဲ့ကိစ္စကြီးများကို ပြန်ပြီးတုံ့ပြန်နိုင်ဖို့ဆိုရင် ဟန့်တားနိုင်လောက်တဲ့ပြစ်ဒဏ်မျိုး ချမှတ်ဖို့လိုအပ်ပြီဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်က စဉ်စားနေတဲ့အချိန်မှာပဲ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်က အလားတူ ဥပဒေမျိုးတင်လာလို့ရှိရင်

လည်း ကလေးသူငယ်တွေအတွက် အကာအကွယ်ရမယ်ဆိုရင် ဒါက္ကျွန်တော်တို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမှာပါ။ ဒါကြောင့် ဒီဥပဒေဟာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ အနာဂတ်ကလေးသူငယ်တွေကို ခြိမ်းခြောက်နေတာကို ကာကွယ်ပေးနိုင်ဖို့အတွက် ဦးတည်ပြီးတော့ ကျွန်တော်တင်သွင်းတာဖြစ်ပါ တယ်။ အကယ်၍ လက်ခံစဉ်းစားမယ်ဆိုရင်တော့ ဒီဥပဒေကို ပိုပြီးတော့ထိရောက်အောင် စနစ်ကျ အောင် အားလုံးကျယ်ကျယ်ပြန့်ပြန့်ပြင်ဆင်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ရှေ့အလားအလာကို အခုပေါ်ပေါက်နေတဲ့ ပြဿနာ များကို အခြေခံပြီးတော့ ဒီဥပဒေ ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာစော်ကား ညှင်းပမ်းခြင်းမှ ကာကွယ်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးပေးဖို့ ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို လေးစားစွာ ကျွန်တော်တင်ပြရင်း ဥပဒေကြမ်းကို အဆိုတင်သွင်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုထောက်ခံမဲကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားအပ် ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ စော်ကားညှင်းပမ်းခြင်း မှကာကွယ်သည့် ဥပဒေကြမ်းကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကလေး သူငယ်ဆိုတာ မှီခိုရတဲ့သူများသာဖြစ်ပြီးတော့ ဘာမှမသိနားမလည်တဲ့ အပြစ်ကင်းသူ၊ ဖြူစင်တဲ့သူများ ဖြစ်ကြပါတယ်။ အထူးသဖြင့် ကလေးဘဝမှာတောင် ယောကျ်ားကလေးနဲ့ မိန်းကလေးဘဝက အလွန် ကွဲပြားပြီးတော့ မိန်းကလေး ဘဝကဖောက်ပြန်သူတွေရဲ့ စိတ်ကစားစရာ၊ အနိုင်ကျင့်စရာ၊ စိတ်ဖြေစရာ တွေအဖြစ် ဆက်ဆံခံရတာဟာအလွန်ပဲ ကြေကွဲဝမ်းနည်းစရာတွေဖြစ်ပါတယ်။ အဆိုးဆုံးအနေနဲ့ နှုတ်ပိတ်၊ သတ်ဖြတ်၊ အသက်သေဆုံးရတဲ့အထိ ကြုံတွေ့ခဲ့ကြရတာကို အသိဆုံးဖြစ်ကြပါတယ်။ စိတ်ဖောက်ပြန်ပြီးကလေးဘဝကို စော်ကားဖျက်ဆီးပစ်ခံရတာမျိုးကို ဘယ်သူ့အသိုင်းအဝိုင်းကမှ လက်သင့်ခံကြမှာ မဟုတ်ပါဘူးရှင်။ ၁၉၈၉ ခု ကုလသမဂ္ဂက အတည်ပြုခဲ့တဲ့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် CRC အပိုဒ် ၆ ကို Protection form all of Violence အကြမ်းဖက်နည်းလမ်းပုံစံအားလုံးမှ ကလေးများအားအကာအကွယ်ပေးရန်ဆိုတဲ့ ပြဋ္ဌာန်းချက်ရှိပါ တယ်။ မြန်မာ့ယဉ်ကျေးမှုကို ကမ္ဘာတစ်ဝှမ်းက အထင်အမြင်သေးအောင်စိန်ခေါ်နေတဲ့ သွေးသား တော်စပ်သူများက မိမိသွေးရင်းသားရင်း အမျိုးသမီး၊ ကလေးသူငယ်များကို စော်ကားနေ တာဟာ

အလွန်စက်ဆုပ်ရွံရှာစရာကောင်းတဲ့အပြင် တစ်မျိုးသားလုံး အရှက်သိက္ခာရစရာတွေလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် လက်မှတ်ရေးထိုးထားတဲ့ ၁၉၈၁ ခုနှစ် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက် စာချုပ်အပိုဒ် ၃၄ မှာ ကလေးသူငယ်များအားလုံးသည် လိင်မှုကိစ္စဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိသည်ဟု ပြဌာန်းထားသည်ကိုလည်းတွေ့ရှိရပါတယ်။ သို့ဖြစ်ပါတဲ့အတွက်ကြောင့် ကလေးသူငယ်များအား ဥပဒေအကာအကွယ်ပေးနိုင်ရန်အတွက် လူမဆန်တဲ့လုပ်ရပ်များကို ထိရောက်ဟန့်တားနိုင်လောက်သော ပြစ်ဒဏ်များချမှတ်ရန်လိုအပ်တဲ့အတွက်ကြောင့် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကို ရသေ့တောင်မဲဆန္ဒနယ်၊ ကျွန်မဒေါ်ခင်စောဝေမှ ထောက်ခံတင်ပြဆွေးနွေးအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းမှကာကွယ်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကို တင်ပြသွားမှာဖြစ်ပါတယ်။ ဒီဥပဒေမှာ ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအားလိင်မှုဆိုင်ရာစော်ကားညှဉ်းပန်းခြင်းမှကာကွယ်သည့်ဥပဒေကြမ်း ပုဒ်မ ၂ ပုဒ်မခွဲ(က)မှာ ကလေးသူငယ်ဆိုတာ အသက် ၁၆ နှစ် မပြည့်သေးသူကိုဆိုလိုသည်ဟု ဖော်ပြထားပါတယ်။ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(က)မှာ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆ နှစ်မပြည့်သေးသောသူကိုဆိုသည်ဟု ဖွင့်ဆိုထားတဲ့အတွက် ထပ်မံပြဌာန်းရန်အတွက်ကို အဓိပ္ပာယ်ဖွင့်ဆိုရန်မလိုတဲ့အကြောင်းကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စိစစ်တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ်၊ ဥပဒေကြမ်းမှာ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)မှာကတော့ မုဒိမ်းမှုဆိုသည်မှာ အသက် ၁၆ နှစ်မပြည့်သေးသော မိန်းမကခွင့်ပြုသည်ဖြစ်စေ ခွင့်မပြုသည်ဖြစ်စေ ယောကျ်ားသည် မိန်းမနှင့်ကာမစပ်ယှက်လျှင် ထိုသူသည် မုဒိမ်းမှုကျူးလွန်သည်ဟု ဖော်ပြထားတဲ့အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်မှာတော့ ဤမှနောက်တွင် ကင်းလွတ်ချက်ပြုထားသည်မှတစ်ပါး အောက်ဖော်ပြပါအကြောင်းငါးရပ်တွင် သက်ဝင်သော အကြောင်းတစ်ရပ်ရပ်ဖြင့် ယောကျ်ား

သည် မိန်းမနှင့်ကာမစပ်ယှက်လျှင် ထိုသူသည်မုဒိမ်းမှုကို ကျူးလွန်သည်မည်၏ဟုဆိုသည့် ပထမအပိုဒ်၌ မိန်းမကအလိုမတူငြင်းဆန်ခြင်း၊ ဒုတိယအပိုဒ်၌ မိန်းမကခွင့်မပြုခြင်း၊ တတိယအပိုဒ်၌ မိန်းမက ခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟုလည်းကောင်း၊ နာကျင်စေမည်ဟုလည်းကောင်း၊ ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုရခြင်း၊ စတုတ္ထအပိုဒ်၌ မိန်းမကခွင့်ပြုသော်လည်း ယောကျ်ားက မိမိသည် ထိုမိန်းမ၏ လင်မဟုတ်ကြောင်းသိသည့်အပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကို ဥပဒေနှင့်အညီ လက်ထပ်ထားသော သို့တည်းမဟုတ် ထိုသို့လက်ထပ်ထားသည်ဟု ယုံကြည်သော အခြားယောကျ်ားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းလည်း ထိုယောကျ်ားကသိခြင်း၊ ပဉ္စမပိုဒ်၌ မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက် ၁၄ နှစ် အောက်အရွယ်ရှိသူဖြစ်ခြင်းဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လက်ရှိကိုင်တွယ်ကျင့်သုံးလျက်ရှိသော ပြစ်မှုဆိုင်ရာဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာစော်ကားညှဉ်းပန်းခြင်းမှ ကာကွယ်သည့် ဥပဒေကြမ်းပုဒ်မ ၂ ပုဒ်မခွဲ(ဂ)မှာတော့ ကာယိန္ဒြေဖျက်ဆီးမှုဆိုသည်မှာ ကလေးသူငယ်များအား လက်ရောက်မှု၊ ပြစ်မှုမကင်းသောအနိုင်အထက် ပြုမူကျူးလွန်ရာတွင် ကာယိန္ဒြေပျက်ဆီးစေရန် အကြံ(သို့မဟုတ်) ပျက်စီးတန်ရာသည်ကိုသိလျက်နှင့် ပြုမူခြင်းမည်၏ဟု ဖော်ပြထားပြီးတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ မှာတော့ မိန်းမတစ်ဦး၏ ကာယိန္ဒြေပျက်စီးစေရန် အကြံဖြင့်သော်လည်းကောင်း၊ ကာယိန္ဒြေပျက်စီးတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုမိန်းမကို လက်ရောက်မှုကျူးလွန်လျှင်(သို့တည်းမဟုတ်) ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်းဟု ဖွင့်ဆိုထားပြီးဖြစ်တဲ့အတွက် ကာယိန္ဒြေပျက်စီးမှု၏ အဓိပ္ပာယ်ကို ထပ်မံဖွင့်ဆိုရန် မလိုအပ်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ဥပဒေကြမ်း၏ အခန်း(၂) ပြစ်မှုနှင့် ပြစ်ဒဏ်များမှာဖော်ပြထားချက်နဲ့ပတ်သက်ပြီး စိစစ်တဲ့အခါမှာ ဒီဥပဒေကြမ်း၏ အခန်း(၂) ပုဒ်မ ၃ တွင် မည်သူမဆိုအသက် ၁၆ နှစ်မပြည့်သေးသောကလေးသူငယ်အပေါ် မုဒိမ်းမှုကျူးလွန်လျှင် ထိုသူကို သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားရာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ မှာတော့ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင် ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လက်ရှိကိုင်တွယ် ကျင့်သုံးလျက်ရှိသော ပြစ်မှုဆိုင်ရာဥပဒေမှာ သင့်လျော်သောပြစ်ဒဏ်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

**မူကြမ်း**

ဥပဒေကြမ်း အခန်း(၂) ပုဒ်မ ၄ မှာတော့ မည်သူမဆိုကလေးသူငယ်အပေါ် မုဒိမ်းမှုကျူးလွန်ရန် အားထုတ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟုဖော်ပြထားရာ ပြစ်မှုကျူးလွန်ရန် အားထုတ်မှုများနှင့်စပ်လျဉ်းပြီးတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၁၁ မှာတော့ မည်သူမဆိုရာဇသတ်ကြီးအရ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုကိုကျူးလွန်ရန် အားထုတ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရန် ရာဇသတ်ကြီး၌ အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်မှုအတွက် ပြဋ္ဌာန်းသော အများဆုံးကာလအပိုင်းအခြား၏ ထက်ဝက်အထိတစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လက်ရှိကိုင်တွယ် ကျင့်သုံးနေသော ပြစ်မှုဆိုင်ရာဥပဒေတွင် သင့်လျော်သော ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ဥပဒေကြမ်း အခန်း(၂)၊ ပုဒ်မ ၅ မှာ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိမယားဖြစ်၍ အသက် ၁၄ နှစ်အောက်မဟုတ်လျှင်မူကား မုဒိမ်းကျင့်သောထိုလင်ကို သုံးနှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟုဖော်ပြထားရာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ မှာ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်၍ အသက် တစ်ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကားမုဒိမ်းကျင့်သောထိုလင်ကိုနှစ် နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လက်ရှိကိုင်တွယ် ကျင့်သုံးလျက်ရှိသောပြစ်မှုဆိုင်ရာ ဥပဒေတွင် သင့်လျော်သောပြစ်ဒဏ်များကိုပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဥပဒေမူကြမ်းအခန်း(၂) ပုဒ်မ ၆ မှာတော့ မည်သူမဆိုကလေးသူငယ်၏ ကာယိအိန္ဒြေကိုပျက်စီးစေရန် အကြံဖြင့်သော်လည်းကောင်း၊ ကာယိန္ဒြေကိုပျက်စီးစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုမိန်းမကိုလက်ရောက်မှုကျူးလွန်လျှင် (သို့မဟုတ်) ပြစ်မှုမကင်းသောအနိုင်အထက်ပြုမှုကိုပြုလျှင် ထိုသူအား (၃)နှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ဖော်ပြထားရာပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ ၌ မည်သူမဆိုမိန်းမတစ်ဦး၏ ကာယိန္ဒြေကို ပျက်စီးစေရန် အကြံဖြင့်သော်လည်းကောင်း၊ ကာယိန္ဒြေကိုပျက်စီးတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုမိန်းမကိုလက်ရောက်မှုကျူးလွန်လျှင် သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုလျှင် ထိုသူအားနှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ

ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လက်ရှိကိုင်တွယ်ကျင့်သုံးလျက်ရှိသော ပြစ်မှုဆိုင်ရာဥပဒေမှာသင့်လျော်သောပြစ်ဒဏ်များကို ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ဥပဒေကြမ်းအခန်း(၃) ပုဒ်မ ၈ မှာတော့ ဥပဒေအရတရားစွဲဆိုရာမှာပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူရမည်ဟု ဖော်ပြထားတဲ့အတွက် ပုဂ္ဂလိကကျူးလွန်မှုဖြစ်တဲ့အတွက် တရားစွဲဆိုခွင့်ပြုမိန့်ရယူရန် လိုအပ်မည်မဟုတ်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ကလေးသူငယ်များအား လိင်မှုဆိုင်ရာစော်ကားညှင်းပမ်းခြင်းနှင့်ပတ်သက်၍ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ(က)မှာမိမိအုပ်ထိန်းမှုအောက်ရှိအသက် (၁၆)နှစ် မပြည့်သေးသောမိန်းကလေးသည် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည်ကိုသိလျက်နှင့် တမင်လျစ်လျူရှုထားခြင်း၊ ပုဒ်မခွဲ(ခ)တွင် မိဘအုပ်ထိန်းမှုအောက်မှာရှိတဲ့ ကလေးသူငယ်အားပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူနှင့်အတူနေထိုင်စေရန် သို့မဟုတ် ပေါင်းသင်းသွားလာစေရန် ခွင့်ပြုခြင်းစသည့် ပြစ်မှုများကိုကျူးလွန်ပါကထိုသူအားထောင်ဒဏ် နှစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟု စိစစ်တွေ့ရှိရတဲ့အတွက် ၂၀၁၅ ခုနှစ် ကလေးသူငယ်များအားလိင်မှုဆိုင်ရာစော်ကားညှဉ်းပန်းခြင်းမှ ကာကွယ်သည့် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များသည် လက်ရှိကိုင်တွယ်ကျင့်သုံးနေသော ကလေးသူငယ်ဥပဒေတွင် ပြည့်စုံစွာပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသွားသော တပ်မတော်သားများ၏ ကလေးများအားကြည့်ရှုစောင့်ရှောက်ရမည်ဟုလည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ကို ရည်ညွှန်းသည့် ဇယား ၁ ပါ ပြည်ထောင်စုဥပဒေပြုစာရင်းအပိုဒ် ၉ လူမှုရေးကဏ္ဍပါအပိုဒ်ခွဲ(ဠ)တွင် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များကို စောင့်ရှောက်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းတဲ့ ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာစော်ကားညှင်းပန်းခြင်းမှ ကာကွယ်သည့် ဥပဒေကြမ်းဟာရည်ရွယ်ချက်ကောင်းမွန်သော်လည်း လက်ရှိဥပဒေကြမ်း၏ ဖော်ပြချက်များမှာလက်ရှိကိုင်တွယ်ကျင့်သုံးနေသော ပြစ်မှုဆိုင်ရာဥပဒေနှင့် ၁၉၉၃ ခုနှစ်ကလေးသူငယ်ဥပဒေကိုပြဋ္ဌာန်းထားပြီးဖြစ်ကြောင်းလည်း တွေ့ရှိရ

ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအားလိင်မှုဆိုင်ရာစော်ကားညှဉ်းပန်းခြင်းမှ ကာကွယ်သည့်ဥပဒေကြမ်းပါဖော်ပြချက်များမှာ လက်ရှိကိုင်တွယ်ကျင့်သုံးလျက်ရှိသော ပြစ်မှုဆိုင်ရာဥပဒေနှင့် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေတို့တွင် ပြည့်စုံလုံလောက်စွာပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက် ဥပဒေအသစ်တစ်ရပ်အနေဖြင့် ထပ်မံပြဋ္ဌာန်းရန် မလိုအပ်ပါသဖြင့် လက်ခံဆွေးနွေးရန်မသင့်ပါကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးသိန်းညွန့်(သယ်န်းကွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျွန်တော် တင်တဲ့ဥပဒေကြမ်းကို ရည်ရွယ်ချက်ကောင်းမွန်တယ်လို့ အသိအမှတ်ပြုတဲ့အတွက် လွန်စွာကျေးဇူးတင်ပါတယ်။ အခုပေါ်ပေါက်နေတဲ့ ကလေးသူငယ် ဥပဒေနှင့်ပတ်သက်ရင် သဘောကွဲလွဲတာ ရိုးရိုးပါပဲ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲ့ အဆိုအမိန့်အရ တည်ဆဲပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက် ကလေးသူငယ်ဥပဒေပြဋ္ဌာန်းချက်များနှင့် ပြည့်စုံလုံလောက်တယ်လို့ သဘောထားပါတယ်။ ကျွန်တော်ကတော့ အခုနက ကျွန်တော် တင်ပြခဲ့တဲ့သတင်းများအရ အခုဖြစ်ပျက်နေတဲ့ ကလေးသူငယ်မုဒိမ်းမှု ကျူးလွန်မှုများက အထူးသဖြင့် ဖခင်အရင်းစတဲ့ ဆွေမျိုးအရင်းအခြာများ ကျူးလွန်တဲ့အမှုများဟာ ကျွန်တော်တို့နိုင်ငံအတွက် ရှေ့မှာပြင်းပြင်းထန်ထန် ထိထိရောက်ရောက် ထိရောက်ဟန့်တားတဲ့ပြစ်ဒဏ်မျိုး လိုအပ်တယ်ဆိုပြီးတော့ ကျွန်တော် ဒီအထူးဥပဒေကို တင်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ တရားစွဲခွင့်အမိန့်ခွင့်ပြုချက်ထည့်ထားတာကတော့ ဒီလိုကြီးလေးတဲ့ သေဒဏ်ချမှတ်နိုင်တဲ့ကိစ္စမှာ ပုဂ္ဂလိကဖြစ်တည်မှုအရစွဲတဲ့ကိစ္စဖြစ်သင့်သလား။ အလွယ်တကူလိမ်ညာပြီး စွပ်စွဲတဲ့ဟာတွေကို ထိန်းချုပ်နိုင်ဖို့ပါ။ အဲဒီတော့ ကျွန်တော့်ဥပဒေရဲ့ ပုဒ်မ ၇ မှာ တည်ဆဲဥပဒေတွေမှာ ဘယ်လိုပြဋ္ဌာန်းပြဋ္ဌာန်း ကလေးသူငယ်မုဒိမ်းမှု ဖောက်ဖျက်ကျူးလွန်သူကို ဤဥပဒေအရ အရေးယူရမယ်ဆိုပြီးတော့ အထူးဥပဒေတစ်ရပ် ပြဋ္ဌာန်းသင့်ပြီလို့ ကျွန်တော် ထင်တဲ့အတွက် ဒီဥပဒေကြမ်းကို တင်ပြရခြင်းဖြစ်ပါတယ်။ သို့သော် ဒီဥပဒေကြမ်းကို ဆက်ဆွေးနွေးရင်း ပေါ်ပေါက်လာနိုင်တဲ့အလားအလာများလည်း ကျွန်တော် အခုနက တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ကျွန်တော်ခံယူပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**မူကြမ်း**

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ စော်ကားညှင်းပမ်းခြင်းမှ ကာကွယ်သည့်ဥပဒေကြမ်းအပေါ် ကျွန်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ကျွန်တော်ရဲ့ သုံးသပ်ချက်ကို တင်ပြသွားပါ့မယ်ခင်ဗျား။ ကျွန်တော်တို့ ကော်မတီအနေနဲ့ကတော့ ဒီအဆိုကို ဆွေးနွေးရန် မသင့်သေးကြောင်း တင်ပြအပ်ပါတယ်။ ဘာဖြစ်လို့ မသင့်သေးတာလဲဆိုတဲ့အချက်နဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် ဆွေးနွေးပါမယ်။ (၁) ၁၉၉၃ ခုနှစ်၊ ကလေးသူငယ် ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ကျွန်တော်တို့ ရေးဆွဲနေပြီဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျွန်တော်တို့ ကော်မတီနဲ့ ဒါညှိနှိုင်းပြီးတော့မှ ရေးဆွဲလျက်ရှိပါတယ်။ အဲဒီပြင်ဆင်မယ့်ဥပဒေမှာ အသက်အပိုင်းအခြားက အသက် ၁၈ နှစ်အောက်ကိုပဲ ကလေးသူငယ်လို့ သတ်မှတ်တာဖြစ်ပါတယ်။ ဘာလို့ အဲဒီလိုသတ်မှတ်ရသလဲဆိုရင် CRC မှာပါတဲ့အတိုင်းပဲ အသက် ၁၈ နှစ်အောက်အားလုံး ကလေးတွေကို ကလေးသူငယ်လို့ပဲ ဒါသတ်မှတ်တာဖြစ်ပါတယ်။ အဲဒီတော့ အသက် ၁၈ နှစ်နှင့် ၁၆ နှစ်ကြားကို အရင်တုန်းကတော့ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေမှာ လူငယ်လို့သတ်မှတ်ပြီးတော့ ၁၆ နှစ်အောက်ကို ကလေးသူငယ်လို့ သတ်မှတ်ပါတယ်။ အဲဒီလို ပိုင်းခြားထားတာဟာ ဘယ်မှာမှမရှိတဲ့အတွက် CRC အရပဲ ၁၈ နှစ်အောက်ကို အကုန်လုံးကို ကလေးသူငယ်လို့ သတ်မှတ်သွားမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အဲဒီ CRC ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ပြင်တဲ့ဥပဒေကို ရေးဆွဲတဲ့အခါမှာ စောစောက အဆိုရှင်ကြီး တင်ပြသွားတဲ့ဥပဒေတွေလည်း CRC နဲ့လိုက်လျောညီထွေစွာ ပါသွားမှာလည်းဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ကော်မတီနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဆောင်ရွက်နေတဲ့ အမျိုးသမီးများအား နည်းမျိုးစုံနဲ့ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုမှ ကာကွယ်ခြင်းဥပဒေကိုလည်းပဲ ရေးဆွဲနေပြီဖြစ်ပါတယ်။ မကြာခင်လည်းပဲ လွှတ်တော်ကို ရောက်လာတော့မယ့်အနေအထားရှိကြောင်း သိရပါတယ်။ အဲဒီဥပဒေမှာလည်းပဲ အမျိုးသမီးတွေကို ကာကွယ်တဲ့ ဥပဒေအများဆုံးထည့်သွင်းထားပြီးလည်းဖြစ်ပါတယ်။ အဲဒီမှာလည်းပဲ ဒီလိုမုဒိမ်းကိစ္စနှင့် ပတ်သက်တဲ့ကိစ္စရပ်တွေလည်း အများကြီးပါမှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ အခု တင်ပြတဲ့ဥပဒေကြမ်းဟာ ဒီမုဒိမ်းမှုနှင့်ပတ်သက်ပြီးတော့ ရာဇသတ်ကြီးထဲမှာ ပြစ်မှုဆိုင်ရာဥပဒေတွေမှာ အကျယ်တဝင့်ကို ပြဋ္ဌာန်းထားတာလည်း ဖြစ်နေပါ

တယ်။ ပြစ်ဒဏ်ကိုလည်းပဲ ပြင်းထန်စွာချမှတ်ထားတဲ့အနေအထား တွေရှိနေပါတယ်။ နောက်တစ်ချက်ကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရှိစေရမည်။ ထို့အပြင် ဥပဒေရဲ့အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ကိုယ်စားလှယ်ကြီး ဦးသိန်းညွှန့် အဆိုတင်သွင်းသွားတဲ့ ဥပဒေကြမ်း အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အရဆိုရင် ကျွန်တော်တို့ အသက် ၁၆ နှစ်ဆိုတဲ့ သတ်မှတ်ချက်က တည်ဆဲဥပဒေတွေ၊ နောက် အသက်အပိုင်းအခြားနှင့်ပတ်သက်တဲ့ Customary Law တွေ ဓလေ့ထုံးတမ်းဥပဒေတွေနဲ့ ငြိစွန်းနိုင်တဲ့အနေ အထားလည်း ရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဃ)မှာ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးတဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ခွင့်ကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းတဲ့ ဥပဒေကြမ်းဟာ လူမှုရေးအရ ကျယ်ပြန့်တဲ့အခြေအနေတွေမှာရှိပါတယ်။ ဒီဥပဒေကြမ်းပါ အချက်အလက်လောက်နဲ့ လုံလောက်မှုမရှိသေးတာလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ လာမယ့်ကာလတွေမှာ ကလေးသူငယ်ဥပဒေကိုပြင်ဆင်တဲ့ဥပဒေ၊ တစ်ခါ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံခြင်းနဲ့ အကြမ်းဖက်မှုမှကာကွယ်ရေးဥပဒေ၊ နောက် CEDAW နဲ့ပတ်သက်တဲ့ ဥပဒေတွေ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေလည်းပဲ သီးခြား ကျွန်တော်တို့ဆောင်ရွက်နေတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဥပဒေကြမ်းတွေကို ဆွေးနွေးတဲ့အခါကျမှသာလျှင် ကျယ်ကျယ်ပြန့်ပြန့် အဆိုရှင်အနေနဲ့ ဆွေးနွေးပြီးတော့မှ အဆိုရှင်တင်မကပါဘူး။ NGO တို့၊ INGO တို့ပါ ဆွေးနွေးဦးမှာဖြစ်ပါတယ်။ အဲဒီလို ဆွေးနွေးတဲ့အခါမှသာလျှင် ပြည့်စုံလုံလောက်စွာဆွေးနွေးပြီးတော့မှ အဲဒီဥပဒေတွေပြဋ္ဌာန်းတဲ့အခါမှပဲ ဒီဥပဒေကြမ်းကို တင်သွင်းသင့်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ အဆိုရှင်က စေတနာကောင်း၊ ရည်ရွယ်ချက်ကောင်းတွေနဲ့ တင်ပြတာဖြစ်နိုင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော် မေတ္တာရပ်ခံပန်ကြားလိုတဲ့အချက်ရှိပါတယ်။ ပြစ်မှုဖြစ်ပွားတဲ့အကြောင်းတွေကို သတင်းဂျာနယ်တွေမှာ ဖော်ပြ

တယ်။ သတင်းဂျာနယ်တွေမှာဖော်ပြတဲ့အခါမှာ နေရပ်၊ အမည်စသည်ဖြင့် ဒီလိုပါတဲ့အကြောင်းအရာတွေက ကျွန်တော်တို့လွှတ်တော်ထဲမှာ နာမည်တွေဖော်ပြ၊ နေရပ်တွေဖော်ပြဆွေးနွေးခြင်းဟာ ကျွန်တော်တို့ လူတွေရဲ့ကျင့်ဝတ်စောင့်စည်းရမယ့်ကိစ္စများနဲ့ ညီညွတ်မှုရှိ/မရှိဆိုတာ ကျွန်တော် ဒါလေးကို လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြချင်ပါတယ်။ ဘာကြောင့်လဲဆိုတဲ့အခါမှာ အဲဒီလိုပြစ်မှုတွေဖြစ်ခဲ့ပြီဖြစ်ပြီးနောက် ဒီကိစ္စမျိုးမဖြစ်အောင် ကျွန်တော်တို့ဘက်က တားဆီးရမယ်။ ကာကွယ်ရမယ်။ အဲဒီလိုဖြစ်တဲ့သူတွေက အဲဒီအချိန်မှာ သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းဖောက်ဖျက်မှုတွေရှိ/မရှိ၊ Psycho အရရှိ/မရှိ ကျွန်တော်တို့မသိနိုင်ဘူး။ ဒါပေမယ့် သတင်းဂျာနယ်တွေမှာရေးတယ်။ ရေးတဲ့အခါမှာ ဒီလိုနာမည်တွေဖော်ပြတယ်။ နေရပ်တွေဖော်ပြတယ်။ ဖော်ပြတဲ့အခါမှာ အဲဒီဖောက်ဖျက်ကျူးလွန်တဲ့သူ၊ ဆွေမျိုး၊ မိသားစုတွေက ဒီလိုဖော်ပြခြင်းခံရတဲ့အခါမှာ သူတို့ဘယ်လိုများခံစားရမလဲဆိုတာလည်း ကျွန်တော်တို့ကြည့်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ သတင်းဂျာနယ်ထဲမှာ ဒီလိုရေးသားမှုတွေကကော သတင်းဂျာနယ်များရဲ့ကျင့်ဝတ် Ethic သို့မဟုတ်ရင် စည်းကမ်းများနဲ့ညီညွတ်မှုရှိ/မရှိဆိုတာလည်း သက်ဆိုင်ရာကော်မတီတွေကနေ စိစစ်ပြီးတော့ ဆောင်ရွက်ဖို့လိုတယ်လို့ ကျွန်တော်အကြံပြုတိုက်တွန်းလိုပါတယ်။ ဒါကတော့ သတင်းဂျာနယ်နဲ့သက်ဆိုင်တဲ့ သူရဦးအေးမြင့်ခေါင်းဆောင်တဲ့ကော်မတီကို ကျွန်တော် ရည်ညွှန်းပြီးတင်ပြခြင်းဖြစ်ပါတယ်။

ထိုနည်းတူစွာပဲ သတင်းဂျာနယ်ကဖော်ပြတိုင်း အခုလိုလွှတ်တော်ထဲမှာ အမည်နာမတွေ၊ နေရပ်တွေ တိတိကျကျဖော်ပြခြင်းဟာကော ကျွန်တော်တို့ဖက်က မှန်ကန်တဲ့ သို့မဟုတ်ရင် သင့်မြတ်တဲ့ကိစ္စတစ်ခုဟုတ်မဟုတ်ဆိုတာလည်း လွှတ်တော်ကိုယ်စားလှယ်များ စဉ်းစားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တင်ပြချင်တာက ကျွန်တော် တို့လွှတ်တော်ထဲမှာ ယခုလိုကိစ္စရပ်များဆွေးနွေးတဲ့အခါမှာ လူပုဂ္ဂိုလ်အရ သို့မဟုတ် လူပုဂ္ဂိုလ်အသိုင်းအဝိုင်းအရထိခိုက်နိုင်သောကိစ္စရပ်များကို အမည်နာမတွေ၊ နေရပ်လိပ်စာတွေဖော်ပြခြင်း၊ ဆွေးနွေးခြင်းဟာလိုအပ်/မလိုအပ်၊ သင့်/မသင့်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်များဆီက ကျွန်တော် အဆုံးအဖြတ်လိုချင်ပါတယ်။ ဒါကြောင့်မို့လို့ နောင် လွှတ်တော်ထဲမှာ ဆွေးနွေးတဲ့အခါမှာ ယခုကဲ့သို့၊ ယခုကဲ့သို့ဆိုတာပြီးခဲ့တဲ့ကာလကဲ့သို့ ပြီးခဲ့တဲ့ ဒီဦးသိန်းညွန့်တို့အဆိုတင်သွင်းတဲ့ကိစ္စမျိုးမှာ လူပုဂ္ဂိုလ်တွေရဲ့နာမည်တွေ၊ ပြီးတဲ့အခါမှာ နေရပ်တွေ၊ လိပ်စာတွေ အတိအကျဖော်ပြပြီး ဆောင်ရွက်ခြင်းမျိုးဟာ လွှတ်တော်ထဲမှာ ဆောင်ရွက်သင့်/မသင့်ဆိုတာ လွှတ်တော်ရဲ့ဆန္ဒကို ခံယူချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်

လွှတ်တော်ကိုတင်ပြပါမယ်။ လူပုဂ္ဂိုလ်များရဲ့ ဂုဏ်သိက္ခာ၊ သူနဲ့သက်ဆိုင်တဲ့အဖွဲ့အစည်းများရဲ့ ဂုဏ်သိက္ခာများကို တိုက်ရိုက်ထိခိုက်စေနိုင်တဲ့ ပြောဆိုဆွေးနွေးမှုများကို လွှတ်တော်ထဲမှာ ဆက်လက်ဆောင်ရွက်ဖို့ လွှတ်တော်က ခွင့်ပြုမှာလား။ ခွင့်မပြုသင့်ဘူးလား။ ဒါကို လွှတ်တော်ရဲ့ သဘောထားဆန္ဒကို ကျွန်တော် သိချင်ပါတယ်။ ကျွန်တော့်ရဲ့အဆိုပြုမှုကတော့ လူပုဂ္ဂိုလ်များရဲ့ဂုဏ်သိက္ခာ၊ သူနဲ့ပတ်သက်တဲ့ မိသားစုများ၊ ဆွေမျိုးများ၏ဂုဏ်သိက္ခာ၊ အဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာများကို တိုက်ရိုက်ထိခိုက်စေနိုင်ပြီး တစ်ဖက်ကကြားရတဲ့လူများအတွက် စိတ်မကောင်းစရာ၊ စိတ်မချမ်းသာစရာဖြစ်တဲ့ကိစ္စများကို လွှတ်တော်ထဲမှာ ဆွေးနွေးမှုကို လွှတ်တော်ရဲ့သဘောထားရယူတဲ့နေရာမှာ ဒီလိုကိစ္စမျိုးကို လွှတ်တော်ထဲမှာ ဆွေးနွေးဖို့ လွှတ်တော်ရဲ့သဘောထားကို ကျွန်တော်သိချင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီသဘောထားကို ကျွန်တော့်အနေနဲ့ စပြီးတော့ ကျွန်တော်ပြောတဲ့နေရာမှာ ကျွန်တော့်ရဲ့သဘောထားကို အတည်ပြုရမယ်မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးပြီးတော့ လွှတ်တော်ရဲ့အတည်ပြုချက်လိုချင်ပါတယ်။ ဒါကြောင့် ကျွန်တော် ပြောဆိုတင်ပြတဲ့အပေါ် မူတည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကနေ ဆွေးနွေးတင်ပြပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူလိုပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ပြစ်မှုတစ်ခုကျူးလွန်တဲ့အခါမှာ တရားခံလို့စွပ်စွဲခံရတဲ့ တရားခံဟာ ပြစ်ဒဏ်ပေးပြီးတဲ့အခါမှာ လူကောင်းတစ်ယောက်ဖြစ်သွားပါတယ်။ ထိုသို့သော လူကောင်းဖြစ်သွားတဲ့အချိန်မှာ ၎င်းဟာ လူမှုအသိုင်းအဝိုင်း၊ လူမှုပတ်ဝန်းကျင်မှာ ၎င်းရဲ့ဘဝရပ်တည်မှုများ ဆောင်ရွက်ရတာရှိပါတယ်။ ထို့အတူ ဒီလိုစွပ်စွဲခံရတဲ့တရားခံဟုခေါ်သော ပုဂ္ဂိုလ်များရဲ့ လူ့အသိုင်းအဝိုင်း၊ လူ့ပတ်ဝန်းကျင်မှာလည်းပဲ ရပ်တည်ဖို့ဟာ အလွန်မတန်မှ မျက်နှာပန်းမလှဖြစ်နိုင်ဖွယ်ဖြစ်ပါတယ်။ ယခုကျွန်တော်တို့ လွှတ်တော်ထဲမှာ တရားခံလို့စွပ်စွဲခံရသူကို အမည်နာမနဲ့ဖော်ပြဆွေးနွေးခြင်းဟာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာအရလည်းကောင်း၊ အစွပ်စွဲခံရသူရဲ့ မိသားစုအသိုင်းအဝိုင်း၊ လူမှုပတ်ဝန်းကျင်ရဲ့ ဂုဏ်သိက္ခာအရလည်းကောင်း၊ ထိုစွပ်စွဲခံရသူပြစ်ဒဏ်ကျခံပြီးကောင်းလာတဲ့အချိန်မှာ လူမှုဘဝပတ်ဝန်းကျင်မှာရပ်တည်မှုအတွက် ထောက်ရှုပြီးတော့ ဥက္ကဋ္ဌကြီးရဲ့တင်ပြမှုအား လေးစားစွာထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြောပါ။ ဦးတင်မောင်ဦး။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး ခုနက လမ်းညွှန်မှာကြားတဲ့ အချက်များသည် လူ့ပတ်ဝန်းကျင်မှာ အလွန်တရာမှ တန်ဖိုးရှိပြီးတော့ အရေးကြီးတဲ့အချက်လည်းဖြစ်ပါတယ်။ ဘာကြောင့် ကျွန်တော် ဒါကို တင်ပြရလည်းဆိုတော့ ကျွန်တော်တို့ ဝန်ထမ်းဘဝတာဝန်ထမ်းဆောင်စဉ်မှာ ကျွန်တော်တို့ အဖွဲ့အစည်းအတွင်းမှာရှိတဲ့ တပည့်တချို့ပြစ်ဒဏ်ကျူးလွန်ကြပါတယ်။ ကျွန်တော်တို့ တပ်မတော်မှာဆိုရင်လည်း တပ်ရင်းအချုပ်ကို ထည့်ကြပါတယ်။ ဒီလိုထည့်ကြတဲ့အခါမှာ လူတိုင်းလူတိုင်းဟာ အပြစ်နဲ့မကင်းကြပါဘူး။ သူ့ကိုလည်း ထိုက်သင့်တဲ့ပြစ်ဒဏ် ချမှတ်ပေးပြီးဖြစ်ပါတယ်။ သို့သော် သူတစ်ယောက်ကျူးလွန်လိုက်တဲ့ပြစ်မှုသည် ဘယ်မှာသွားပြီးတော့ ရိုက်ခတ်လဲဆိုတော့ သူ့ရဲ့ဇနီး၊ သူ့ရဲ့သားသမီးတွေမှာ ထိထိရောက်ရောက်သွားပြီးတော့ ဆိုးရွားမှုကို ဖြစ်စေပါတယ်။ ဘယ်လိုဖြစ်လာနိုင်လည်းဆိုတော့ သားသမီးတွေက ကျောင်းတက်တယ်။ ကျောင်းတက်တဲ့အခါမှာ တခြားမိဘက ဒီကလေးကို အချုပ်သော်လည်းကောင်း၊ ထောင်သော်လည်းကောင်း၊ ပြစ်ဒဏ်တစ်ခုသော်လည်းကောင်း ကျခံခဲ့တော့မှ ဒါထောင်ထွက်ရဲ့ကလေး သူနဲ့မပေါင်းနဲ့စသဖြင့် ကလေးက ငယ်ရွယ်စဉ်ကတည်းကကို ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုဒဏ်ကို ခံရမှာဖြစ်ပါတယ်။ အလားတူ သူ့ရဲ့ဇနီး/မယားလည်း ထိခိုက်ပါတယ်။ အလားတူ သူ့ရဲ့မိခင်၊ ဖခင်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း အားလုံးကို ဆိုးရွားစွာထိခိုက်စေတဲ့အချက်ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ စောင့်ထိန်းဖို့အတွက်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အလားတူ ယနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအဆိုပြုတဲ့ အချက်များသည် ယနေ့ဖြစ်ပေါ်လာတဲ့ ပြည်သူ့လွှတ်တော်ကြီးအတွက်လည်း ဂုဏ်သိက္ခာကို များစွာစောင့်ထိန်းရာရောက်မှာဖြစ်တဲ့အတွက်ကြောင့် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးအကြံပြုချက်အတိုင်း လွှတ်တော်အနေနဲ့ လွှတ်တော်ကို ကိုယ်စားပြုပြီး ကျွန်တော် လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ အဆိုတင်ပြပါမယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်အတွင်းမှာ ဆွေးနွေးတဲ့အခါ၊ အကြံပြုတဲ့အခါ၊ တင်ပြတဲ့အခါ ကျွန်တော်တို့ အဓိကထားရမှာက လွှတ်တော်ရဲ့ ဂုဏ်သိက္ခာနဲ့

**မူကြမ်း**

လွှတ်တော်ရဲ့ပုံရိပ်ကို မထိခိုက်စေဖို့ ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာနဲ့ လွှတ်တော်ရဲ့ ပုံရိပ်ကို မြင့်မားစေမယ့်အချက်များကို ဦးတည်ပြီးတော့ပဲ ပြောဆိုဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်တွင်းမှာ ဆွေးနွေးတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်း တားမြစ်ထားတဲ့လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေတဲ့၊ လူ့ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့၊ သက်ဆိုင်တဲ့သူနဲ့ပတ်သက်ပြီးတော့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ မိသားစုတွေ၊ ဂုဏ်သိက္ခာတွေထိခိုက်စေမယ့် အပြောအဆို၊ ဆွေးနွေးချက်တွေကို ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များ ရှောင်ရှားသင့်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်အတွင်းမှာ အဓိကအားဖြင့်တော့ ပြစ်မှုဆိုင်ရာကိစ္စများနှင့် ပတ်သက်ပြီးတော့ လူ့ဂုဏ်သိက္ခာထိခိုက်စေမယ့် ဒီနေရာမှာ နှစ်ပိုင်းပါပါတယ်။ ပြစ်မှုကျူးလွန်သူရော၊ ပြစ်မှုကျူးလွန်ခြင်းခံရတဲ့သူရော ဒီလို ဒီမှာတင်ပြဆွေးနွေးတဲ့အခါမှာ သူတို့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြစ်မှုဆိုင်ရာလုပ်ငန်း များနှင့် ပတ်သက်၍ လွှတ်တော်အတွင်းမှာ ဆွေးနွေးတဲ့အခါမှာ ပြစ်မှုကျူးလွန်သူရော၊ ပြစ်မှုကျူးလွန်ခြင်းခံရတဲ့သူအတွက်ရော သူတို့ရဲ့ဂုဏ်သိက္ခာ၊ သူတို့ရဲ့မိသားစုပုံရိပ်တွေ ထိခိုက်စေမယ့် အပြောအဆိုတင်ပြချက်တွေကို ရှောင်ရှားပြီးတော့ အကြောင်းအရာကိုသာလျှင် ဆွေးနွေးသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးခိုင်မောင်ရည်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ထဲမှာ ဆွေးနွေးတာ၊ မေးခွန်းမေးမြန်းတာနှင့် ပတ်သက်ပြီးတော့မှ မလိုလားအပ်တဲ့အမည်နာမတွေ ဖော်ပြတာတွေနဲ့ ပတ်သက်ပြီးတော့မှ ဥက္ကဋ္ဌကြီးရဲ့ စောစောက ဆွေးနွေးပြောဆိုသွားတာနှင့် ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ထောက်ခံချင်ပါတယ်ခင်ဗျား။ ဒါဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေမှာ ပါဝင်တဲ့၊ လွှတ်တော်မှာ မေးခွန်းမေးမြန်းတာနဲ့ ပတ်သက်တဲ့ကိစ္စဖြစ်ပါတယ်။ စောစောက ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုနဲ့တော့ ကျွန်တော့်အနေနဲ့ အဲဒါနဲ့ ပတ်သက်ပြီးပြောတာမဟုတ်ဘူး။ ဒါပေမယ့် လွှတ်တော်မှာ ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လိုက်နာရမယ့်ကျင့်ဝတ်များထဲမှာ ပါပါတယ်။ မေးခွန်းမေးမြန်းခြင်းနှင့် မေးခွန်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များထဲမှာ သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်းပြီး မေးမြန်းခြင်းမပြုရဘူး။ နောက်မေးခွန်းနှင့်စပ်လျဉ်းတဲ့ စည်းကမ်းချက်မှာလည်း မဆီ

**မူကြမ်း**

လျော်သောအကြောင်းပြချက်များ၊ ခိုင်လုံသောအထောက်အထားမပါသည့် ယူဆချက်များ မသင့်လျော်သောအသုံးအနှုန်းများ၊ ဂုဏ်သရေကို ထိခိုက်စေသော ဖော်ပြချက်များ မပါရှိသောမေးခွန်းဖြစ်ရမယ်။ နောက် မိမိကိုယ်ကိုအမွှမ်းတင်သော၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချသော မေးမြန်းခြင်းမဟုတ်တဲ့ မေးခွန်းများဖြစ်ရမယ်ဆိုတဲ့ မေးခွန်းမေးမြန်းတဲ့အခါမှာလည်း ကန့်သတ်မှုရှိပါတယ်။ ဒါဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၆၊ ၁၄၀၊ ၁၄၁ မှာ ပါတဲ့အချက်တွေဖြစ်ပါတယ်။ အဲဒီအတွက် လွှတ်တော်မှာ ဒီစည်းကမ်းထဲမှာ မေးခွန်းများမေးခွင့်မပြုခြင်းဆိုတဲ့နေရာမှာလည်း မေးခွန်းမေးမြန်းပိုင်ခွင့်ကို အလွဲသုံးစားပြုသည်ဟုသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံပါဥပဒေပြဋ္ဌာန်းချက်များကို ဖြစ်စေ၊ လွှတ်တော်၏အစဉ်အလာများ၊ ထုံးတမ်းများကိုဖြစ်စေ ဖောက်ဖျက်သည်ဟုသော်လည်းကောင်း၊ လွှတ်တော်၏လုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိပါးစေသည်ဟုသော်လည်းကောင်း ယူဆလျှင် မေးခွန်း သို့မဟုတ် မေးခွန်း၏အစိတ်အပိုင်းကို ခွင့်မပြု။ နောက်တစ်ကြိမ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၃ မှာ မေးခွန်း သို့မဟုတ် မေးခွန်း၏အစိတ်အပိုင်းကို ဥက္ကဋ္ဌက ခွင့်မပြုလျှင် ယင်းသို့ ခွင့်မပြုသည့် ဥက္ကဋ္ဌ၏အဆုံးအဖြတ်ကို ဆွေးနွေးခွင့်မရှိစေရ။ ဒါဟာ လွှတ်တော်ရဲ့ စည်းကမ်း၊ ထုံးတမ်းစဉ်လာတွေဖြစ်ပါတယ်။ အဲဒီအတွက် လွှတ်တော်က စောစောကရုန့်ရင်းကြမ်းတမ်းတဲ့ကိစ္စမျိုးတွေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာစေမယ့်ကိစ္စတွေ မိမိကိုယ်ကိုအမွှမ်းတင်ပြီး အခြား သူကို နစ်နာစေအောင်ပြုတဲ့ကိစ္စမျိုးတွေကို လွှတ်တော်က လက်မခံသင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးသိန်းညွှန့်၊ သယ်နိုးကျွန်းမဲဆန္ဒနယ်က ၂၀၁၅ ခုနှစ်၊ ကလေးသူငယ်များအားလိင်မှုဆိုင်ရာစော်ကားညှဉ်းပန်းခြင်းမှ ကာကွယ်သည့်ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ဦးသိန်းညွှန့်အဆိုကို တင်သွင်းတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ အခွင့်အရေးကို အပြည့်အဝရစေလိုတဲ့အတွက် ကျွန်တော်အချိန် ပေးနားထောင်ခဲ့ပါတယ်။ အချိန်တဖြည်းဖြည်းကြာလာပါတယ်။ ကြာတဲ့အချိန်မှာ ကျွန်တော်လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အခုလို ဆွေးနွေးမှုများဟာ ဆက်လက်ပြီးတော့ ဆွေးနွေးနေမယ်ဆိုလို့ရှိရင် လွှတ်တော်ရဲ့ ဂုဏ်သိက္ခာတင်မကပါဘူး။ ကျူးလွန်ခဲ့တယ်ဆိုတဲ့ ကျူးလွန်ခဲ့သူများရဲ့ ဂုဏ်သိက္ခာ၊ သူ့ရဲ့မိသားစုများရဲ့ ဂုဏ်သိက္ခာ။ ပြောမယ်ဆိုရင် မြို့ရွာနာမည်ထည့်

လိုက်ရင် အဲဒီဒေသမှာရှိတဲ့ ဒီထဲမှာပါပါတယ်။ အဲဒီလွှတ်တော်ကိုယ်စားလှယ်တွေပါတယ်။ ပါတဲ့အခါမှာ၊ အဲဒီအချိန်မှာ ကြည့်လိုက်တယ်။ သူတို့ရဲ့မျက်နှာမှာ တစ်မျိုးဖြစ်သွားတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က အဆိုတင်ပါ။ အဆိုတင်ပါလို့ ကျွန်တော် ဒီလိုပြောလိုက်ခြင်းဖြစ်တယ်။ အချိန်တွေကလည်း ကြာလာပြီ။ ဒီကိစ္စမျိုးတွေကို ခုနက ဦးခိုင်မောင်ရည်တင်ပြတဲ့ ဥပဒေ၊ နည်းဥပဒေတွေထဲမှာလည်း အားလုံးပြည့်ပြည့်စုံစုံပါပါတယ်။ မေးခွန်းပဲဖြစ်ဖြစ်၊ အဆိုပဲဖြစ်ဖြစ်၊ ဆွေးနွေးတာပဲဖြစ်ဖြစ် ဒါတွေ ကျွန်တော်တို့ လိုက်နာရမှာပါ။ ဒါပေမယ့် ကျွန်တော့်ဘက်က လိုအပ်ချက်ရှိတယ်လို့ပဲ ယူဆလိုက်ပါ။ ဘာကြောင့်လဲ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ အခွင့်အရေးကို အပြည့်အဝပေးချင်တဲ့အတွက် ကျွန်တော် နားထောင်ကြည့်ပါတယ်။ နားထောင်ကြည့်တဲ့အခါမှာ ကျွန်တော်က တစ်ခါတည်းဟန့်တားဖို့သင့်ပါတယ်။ ဒါတွေမပြောပါနဲ့။ ဒီလို မဆွေးနွေးပါနဲ့။ ဒါပေမယ့် အဲဒီလိုမဟုတ်ဘဲနဲ့ အဆိုတင်ပါ၊ အဆိုတင်ပါဆိုတာ တခြား ပဋိယာယ်နဲ့ ကျွန်တော်ဒီလိုပြောလိုက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စတွေက လွှတ်တော်ရဲ့အဆုံးအဖြတ်၊ လွှတ်တော်ရဲ့ဆန္ဒကို ယူချင်တယ်လို့ပြောလိုက်တဲ့ဟာက တခြားမဟုတ်ပါဘူး။ ဒီမှာ ဥပဒေတွေရှိတယ်။ နည်းဥပဒေတွေရှိတယ်။ လုပ်ထုံးလုပ်နည်းရှိတယ်။ သို့ရာတွင် ပိုပြီးတော့ ကျွန်တော် လေးနက်စေ ချင်တဲ့တွက် ကျွန်တော်တစ်ယောက်တည်း တာဝန်ရှိတာမဟုတ်ပါဘူး။ လွှတ်တော်ဆိုတာ လွှတ်တော် အတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များတာဝန်ရှိပါတယ်။ အကယ်လို့ ကျွန်တော် မဟုတ်ဘူးဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ထဲကလည်း ထပြီးတဲ့အခါမှာ ဒီလိုဆွေးနွေးမှုတွေဟာ စည်းမျဉ်း စည်းကမ်းနဲ့မညီပါဘူး။ လူ့ရဲ့ ဂုဏ်သိက္ခာတွေကို ထိခိုက်စေပါတယ်။ ဒီလို ထပြီးတော့ ဆွေးနွေးခွင့်ရှိပါတယ်။ လွှတ်တော်ဆိုတာ ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘူး။ အားလုံးပါ။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်လို့ ကျွန်တော်နိဂုံးချုပ်ပါမယ်။ ဒါကြောင့်မို့လို့ နောင်ကျလို့ရှိရင် မေးခွန်းမေးမေး၊ ဆွေးနွေးတဲ့အခါမှာ လွှတ်တော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေရှိပါတယ်။ ဒီအရသာ ဆောင်ရွက်ပါလို့ ထပ်မံတိုက်တွန်းပြောကြားလိုပါတယ်။ ဒီထက်ပိုပြီးပြောမယ်ဆိုလို့ရှိရင် လူ့ရဲ့ဂုဏ်သိက္ခာညစ်နွမ်းစေတဲ့ကိစ္စမျိုး၊ ထိခိုက်စေတဲ့ကိစ္စမျိုးများကို လွှတ်တော်ထဲမှာ မဆွေးနွေးပါနဲ့။ အဲဒီအတိုင်းပဲ အခြားအဖွဲ့အစည်းတစ်ခုခုကိုလည်း ထိခိုက်စေတဲ့ကိစ္စမျိုးကို မဆွေးနွေးပါနဲ့လို့ ကျွန်တော်ထပ်မံပြောကြားလိုပါတယ်။ အဲဒီနည်းတူပဲ ခုနက သတင်း၊ ဂျာနယ်တွေထဲမှာ အဲဒီလို ရေးသားတာတွေကကော ကျင့်ဝတ်သိက္ခာနှင့်ညီသလား၊ မညီဘူးလား။ ဒါတွေလည်း ကျွန်တော်တို့ ပြန်ပြီးစဉ်းစားဖို့လိုပါတယ်။ ကျွန်တော်တို့ မဖတ်ပါဘူး။ ငယ်ငယ်တုန်းက ဖတ်ဖူးပါတယ်။ ပြောမယ်

ဆိုရင် အဲဒီပုဂ္ဂိုလ်ကို ထင်ထင်ရှားရှားမမြင်အောင် မျက်စိလေးပိတ်ထားတာမျိုး၊ နာမည်တွေမဖော်ပြတာမျိုး ဒီလိုရှိပါတယ်။ ဒီနေ့ ဒါတာတွေကိုရေးသားတာက ကျင့်ဝတ်သိက္ခာနှင့် ညီ၊ မညီ ဒါလည်း သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းက သေသေချာချာကို ကျွန်တော်တို့ ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီလိုရေးတဲ့နေရာမှာ တချို့ဒီဟာမျိုးတွေကို ကြိုက်တဲ့၊ အညှီအဟောက်ကြိုက်တဲ့သူတွေက သဘောကျတယ်။ ဒါပေမယ့် ပြန်ကြည့်မယ်ဆိုရင် အင်မတန်မှ ရှက်ဖွယ်ဖြစ်ပါတယ်။ ရှက်ဖွယ်ဖြစ်တဲ့ကိစ္စကို ထပ်ပြီးတော့ ရှက်အောင်လုပ်မယ်ဆိုရင် ကျွန်တော်တို့ ဘယ်လိုမှတရားတဲ့ကိစ္စတွေမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော် ထပ်ပြီးတင်ပြပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်က ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ပါ။ လိုက်နာဆောင်ရွက်ခြင်းမရှိဘူးဆိုရင် သင့်တော်တဲ့ အရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေ့တော့ ဦးသိန်းညွှန့် တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ဒီဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးခြင်းမပြုသင့်ဘူး။ ထို့နည်းတူစွာပဲ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌကလည်း ဒီဟာသည် အင်မတန်မှကျယ်ပြန့်တဲ့ကိစ္စတစ်ခုဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်ဖို့လိုသလို သက်ဆိုင်ရာကော်မတီများကလည်း ကလေးသူငယ်များအခွင့်အရေးနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးစရာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါကို ဆက်လက် မဆွေးနွေးသင့်ပါဘူးလို့ တင်ပြသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်က သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အဆိုပြုတင်ပြချက် ကျယ်ပြန့်စွာဆောင်ရွက်နေတဲ့ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌရဲ့ တင်ပြချက်ပေါ်မူတည်ပြီးတော့ ဦးသိန်းညွှန့်တင်သွင်းဆွေးနွေးတဲ့ အဆိုကို လွှတ်တော်က ဆက်လက်ဆွေးနွေးမှာမဟုတ်ပါဘူး။ ဒါနဲ့ပတ်သက်လို့ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်ရှိပါတယ်။ ဦးသိန်းညွှန့် ကန့်ကွက်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်အများစုက ဆက်လက်ဆွေးနွေးရန်မပြုကြောင်း ထောက်ခံတဲ့အတွက် ဦးသိန်းညွှန့်တင်သွင်းတဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဆက်လက်ဆွေးနွေးမည်မဟုတ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၂)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကစိမ်မြောက်ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**